မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်၊ ၂၀၀၈ ခုနှစ်၊ ဧပြီ ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၉၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယနိုင်ငံ ဂျမ်နာဂါးမြို့၌ ခေတ်မီရေနံချက်စက်ရုံလေ့လာ

ရေနံချက်စက်ရုံ ကြည့်ရှုလေ့လာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ ဂျမ်နာဂါးမြို့ရှိ ခေတ်မီရေနံချက် စက်ရုံကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၈

အိန္ဒိယသမ္မတနိုင်ငံ ဂူဂျရက်ပြည်နယ် ဂျမ်နာဂါးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ဧပြီ ၄ ရက် မွန်းလွဲပိုင်းတွင် ရေနံဓာတုစက်ရုံများ၊ ပင်လယ်ရေမှ ရေချိုချက်လုပ်သည့် အထောက်အကူပြုစက်ရုံများနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် Reliance ကုမ္ပဏီ၏ Reliance Jamnagar Complex သို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုလေ့လာကြရာ ရှေးဦးစွာ Reliance Industries Ltd. ဒုတိယဥက္ကဋ္ဌ S.C Malhotra နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များအား Learning Center ခန်းမ၌ Reliance Refinery ရေနံချက်စက်ရုံ တည်ဆောက်ရေးအတွက် အင်ဂျင်နီယာအကြိုလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပုံ၊ စက်ရုံအဆောက်အအုံများ ကြိုးစားတည်ဆောက်ခဲ့ပုံ၊ ယခင်က စက်ရုံများမဆောက်မီ လွင်တီးခေါင်ခေါင်ဖြစ်နေသောနေရာ၌ ယခုအခါမြေပြင်အနေအထား ပြုပြင်မွမ်းမံပြီး သစ်ပင်ပန်းမန်များဖြင့် စိမ်းလန်းစိုပြည် သာယာလှပလာပုံတို့ကို ရုပ်ပုံမှတ်တမ်းများဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စက်ရုံ ပင်မထိန်းချုပ်ခန်းသို့ ဝင်ရောက်ကြည့်ရှုလေ့လာကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် စက်ရုံနယ်မြေအတွင်းရှိ ရေနံချက်စက်အပါအဝင် စက်ရုံများကို လည်းကောင်း၊ ဝန်ထမ်းအိမ်ရာအဆောက်အအုံနှင့် ပန်းခြံများကိုလည်းကောင်း၊ စိမ်းလန်း စိုပြည်ရေးအတွက် အကွက်တကျ သစ်ပင်များစိုက်ပျိုးထားမှုကိုလည်းကောင်း၊ ဝန်ထမ်းများ အတွက် ဖွင့်လှစ်ထားသောဈေး Reliance Mart ကိုလည်းကောင်း မော်တော်ယာဉ် များဖြင့် ကြည့်ရှုလေ့လာကြသည်။

Reliance ကုမ္ပဏီသည် အိန္ဒိယနိုင်ငံ၏ ပုဂ္ဂလိကကုမ္ပဏီတစ်ခုဖြစ်ပြီး ဂျမ်နာဂါးရှိ ရေနံချက်စက်ရုံသည် တစ်နေ့လျှင် ရေနံစိမ်း စည် ၆ ဒသမ ၆ သိန်း ချက်လုပ်နိုင်စွမ်းရှိပြီး ဓာတ်ဆီ၊ ဒီဇယ်ဆီစသည့် ရေနံထွက်ပစ္စည်းများအပြင် အခြားဓာတုပစ္စည်းများကိုလည်း ထုတ်လုပ်လျက်ရှိသည်။ စာမျက်နှာ ၁၀ ကော်လံ ၅ ●

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	**စီးပွားရေး ဦးတည်ချက်(၄)ရပ်**	**လူမှုရေး ဦးတည်ချက်(၄)ရပ်**
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ် လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီး များ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာ ရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် ဧပြီ ၉ ရက်)

မြန်မာ-အိန္ဒိယ ဆက်ဆံရေးတိုးတက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာ

မြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့သည် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး သမိုင်းစဉ်တစ်လျှောက် အိမ်နီးချင်းကောင်း နိုင်ငံများပီသသော ဆက်ဆံမှုများထူထောင်ကာ ရင်းနှီးချစ်ကြည်စွာ နေထိုင်ခဲ့ကြသည်။

မြန်မာနှင့်အိန္ဒိယ နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန် သွားရောက်လည်ပတ်မှုများကြောင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာမြဲမြံလျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အိန္ဒိယသမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ မိုဟာမက်ဟာမစ်အန်ဆာရီနှင့် ဧပြီလ ၂ရက်နေ့က နယူးဒေလီမြို့ရှိ The Deccan Suite ၌ တွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲအပြီးတွင် မြန်မာနိုင်ငံ စစ်တွေဆိပ်ကမ်းနှင့် အိန္ဒိယသမ္မတနိုင်ငံ မီဇိုရမ်ပြည်နယ်အကြား သွားလာဆက်သွယ်ရန် ကုလားတန်မြစ် ဘက်စုံပြုပြင်ရေး မူဘောင်သဘော တူစာချုပ်၊ ထောက်လှမ်းရေး သတင်းဖလှယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် ဝင်ငွေအပေါ် အခွန်နှစ်ထပ်မကျသင့်စေရန် ရှောင်ရှားရေးနှင့် ဝင်ငွေအပေါ်တွင် အခွန်ဆောင်ခြင်းနှင့်စပ်လျဉ်း၍ ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေး သဘောတူစာချုပ်တို့ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ဆက်ဆံရေးမြှင့်တင်ရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးနှင့် ကုန်သွယ်မှုတိုးတက်မြင့်မားရေး၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထိုသို့ မြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံအကြား သဘောတူညီချက်စာချုပ်များ လက်မှတ်ရေးထိုးနိုင်ခဲ့၍ နှစ်နိုင်ငံအကျိုးတူစီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေပြီး ဒေသတွင်းလုံခြုံရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ အိန္ဒိယသမ္မတနိုင်ငံချစ်ကြည်ရေးခရီးသည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ဆက်ဆံရေးကို ပိုမိုတိုးတက်စေပြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့်စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၉-၄-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	မြန်မာသကြၤန်
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၀၀	၆။	မြန်မာသကြၤန်
၅း၂၀	၇။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၃၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၄၀	၉။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မြန်မာသကြၤန်
၆း၃၀	၁၄။	ကာတွန်းအစီအစဉ် **ငါးကလေးရဲ့ စွန့်စားခန်း** (အပိုင်း-၃၇)
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သောဤကမ္ဘာ**(အပိုင်း-၂)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	လူရွှင်တော်ရွှေဖလား
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘဝဇာတ်ခုံ** (အပိုင်း-၇)

ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ ဝန်ကြီးဒေါက်တာကျော်မြင့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၈

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော ၂၀၀၈ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့ နံနက်၉နာရီခွဲက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာ၌ ယခုအခါ ကမ္ဘာနှင့်အဝန်း ရာသီဥတု ပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိရာတွင် သဘာဝအလျောက် ကမ္ဘာကြီးပူနွေးလာမှုအပြင် လူတို့၏ နေထိုင်သုံးစွဲပုံစနစ်နှင့် အမူအကျင့်များ ပြောင်းလဲမှုကြောင့်လည်း ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ Greenhouse Effect ခေါ်သည့် ဖန်လုံအိမ်အာနိသင် သက်ရောက်မှုမှာ လူတို့၏ နေထိုင်ပုံပြောင်းလဲမှုနှင့် ဆက်စပ်ဖြစ်ပေါ်လျက်ရှိကြောင်း။

အရေးကြီး

ယခုကဲ့သို့ ရာသီဥတုပြောင်းလဲမှုကြောင့် ကျန်းမာရေးပြဿနာများ လျော့နည်းသက်သာစေရေး ဆောင်ရွက်ရာတွင် လူနှင့်ပတ်ဝန်းကျင် အကျိုးရှိစွာ ညှိနှိုင်းနေထိုင်တတ်ရေးသည် အလွန်အရေးကြီးကြောင်း။

လူတို့အနေဖြင့် ပြောင်းလဲဖြစ်ပေါ်နေသော ပတ်ဝန်းကျင်အခြေအနေနှင့် အံဝင်ခွင်ကျဖြစ်အောင် မိမိတို့၏ နေထိုင်ပုံစနစ်ကို ထိန်းညှိခြင်းဖြင့် တစ်နည်း၊ မိမိပတ်ဝန်းကျင်ကို မိမိတို့၏ နေထိုင်ပုံစနစ်နှင့်ကိုက်ညီအောင် ဖန်တီးပြုပြင်ခြင်းဖြင့်တစ်သွယ် ဆောင်ရွက်သင့်ကြောင်း။

ယခုနှစ်ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်ဖြစ်သော "ရာသီဥတုပြောင်းလဲမှု ကျန်းမာရေးအတွက်သတိပြု" ဆိုသည့် နှိုးဆော်ချက်နှင့်အညီ ပြည်သူလူထုအနေနှင့် ကျန်းမာရေးအသိရှိရှိဖြင့် ကြိုတင်ကာကွယ်ခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက်မှုအလေ့အကျင့်များ လိုက်နာကျင့်သုံးခြင်းဖြင့် ကျန်းမာရေးပြဿနာများ လျော့နည်းပြီး ကျန်းမာခြင်းနှင့်ညီညွတ်သောဘဝကို တည်ဆောက်နိုင်မှာဖြစ်ကြောင်း ပြောကြားသည်။

ဖတ်ကြား

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် Dr. Hans Kluge က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plain Bang Chang ၏ ၂၀၀၈ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် ကျန်းမာရေး ပညာပေးစာစောင်များ၊ စာအုပ်များနှင့် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

ရွှေမင်းကံမိုးကုတ်ဓမ္မရိပ်သာ သင်္ကြန်တွင်း ၁၀ရက်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၈

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ် နယ်လှည့်ဓမ္မကထိက ဆရာတော် ဦးကေသရ (ရွှေမင်းကံ)သည် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ (၄)ရပ်ကွက် ဩဇာလမ်းရှိ မိုးကုတ်ဓမ္မရိပ်သာ ရွှေမင်းကံကျောင်း၌ သင်္ကြန်တွင်း ၁၀ရက် တရားစခန်းပွဲကို ဧပြီ ၁၁ရက်မှ ၂၀ရက်အထိ ပဋ္ဌိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

မဟာသင်္ကြန် သဲအင်းဂူတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၈

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၁၆) ရပ်ကွက် သာသနာဒီပ (သဲအင်းဂူ) ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်တွင် ကျေးဇူးတော်ရှင် သဲအင်းဂူ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာတရားများကို တန်ခူးလဆန်း ၇ ရက်မှ ၁၃ရက် (ဧပြီ၁၂ရက်မှ၁၈ရက်အထိ) ဘဒ္ဒန္တမုနိန္ဒ(ကျိုက်ပိုင်း)၊ ဘဒ္ဒန္တသိရိန္ဒ (သာသနာဒီပ)နှင့် ဦးဝိရိယ (ဖဝိုင်းတောင်ဥက္ကလာပ)တို့က ဟောကြားမည်ဖြစ်ရာ ယောဂီဦးရေ ကန့်သတ်လက်ခံမည်ဖြစ်၍ တရားစခန်းဝင်လိုသူ ယောဂီများသည် ဧပြီ ၁၁ရက် နောက်ဆုံးထား၍ အရောက်လာရောက်ရမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ကြာနီကန် ဦးရေဝတ(ဝါးခယ်မ) တရားပွဲ

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင် လိပ်ပြာကန် ကြာနီကန်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက နိုင်ငံကျော်ဓမ္မကထိက ကြာနီကန်ဦးရေဝတ(ဝါးခယ်မ) ဆရာတော်သည် ဧပြီ ၁၀ရက်ညတွင် ၁၀၄ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၁ရက်နှင့် ၁၂ရက်ညများတွင် ဦးဝင်းမြင့်-ဒေါ်စန်းရွှေ ရှင်ပြုအလှူပွဲ ဆူးကလပ်ကျေးရွာ ဒေးဒရဲ မြို့နယ်၊ ၁၃ရက်နှင့် ၁၄ရက်ညတွင် စံပြရပ်ကွက် ကွမ်းခြံကုန်း၊ ၁၅ရက်တွင် မာလာမြိုင်(၃)လမ်း အုတ်ကျင်း လှိုင်မြို့နယ်၊ ၁၆ရက်တွင် သာသနာ့ရက္ခိတဓမ္မာရုံ ဝေဘာဂီလမ်း(ည)ရပ်ကွက် မြောက်ဥက္ကလာပ၊ ၁၇ရက်တွင် ဖွဲထော်ကျေးရွာ ခရမ်းမြို့နယ်၊ ၁၈ရက်၊ ၁၉ရက်နှင့်၂၀ရက်တို့တွင် ညောင်ပင်ဝိုင်းကျေးရွာ မအူပင်မြို့နယ်နှင့် ၂၁ရက်တွင် ကယက်သီတာမြိုင်ရပ်ကွက် ကျောက်တန်းမြို့တို့၌ ည ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားပွဲပင့်လျှောက်လိုသူများသည် ဖုန်း-၀၁-၅၅၈၂၉၇နှင့် ၀၉-၅၀-၃၃၅၈၁တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ဦးမြင့်သိန်း(၁၅) အကြီးတန်းအကောက်ခွန်မှူး(ငြိမ်း)အား ရည်စူး၍ အမှတ် ၆၀ နံ့သာလမ်း ဌာနာရပ်ကွက် အလုံမြို့နယ်နေ ဇနီး ဒေါ်သူသူခိုင်နှင့် သားသမီးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)



ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ မိဂဒါဝုန်ရှိ ဓမ္မရာဇိကစေတီတော်နှင့် ဓမ္မေခစေတီတော်တို့အား ဖူးမြော်ကြည်ညို

နေပြည်တော် ဧပြီ ၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဧပြီ ၅ရက် မွန်းလွဲ ၂နာရီ ၄၅မိနစ်တွင် အထူးလေယာဉ်ဖြင့် ဗာရာဏသီမြို့သို့ ရောက်ရှိကြရာ ခရိုင်တရားသူကြီး Mrs.Veena၊ ခရိုင်ရဲဝန် Shri Shirodkar နှင့် မြန်မာနိုင်ငံ ကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်တို့က ကြိုဆိုကြသည်။

ရည်မှန်းဖူးမြော်

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မိဂဒါဝုန်သို့သွားရောက်ကြပြီး ဘုရားဖြစ်တော်မူပြီးနောက် ပဉ္စဝဂ္ဂီငါးဦးတို့အား ဂေါတမမြတ်စွာဘုရား ဓမ္မစကြာတရားဦး ဟောကြားတော်မူခဲ့သည့်နေရာ၌ တည်ထားခဲ့သော ဓမ္မရာဇိကစေတီတော်ဟောင်းအား ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က ပန်း၊ ရေချမ်း၊ အမွှေးတိုင်နှင့် ဆီမီးများဖြင့် ဆက်ကပ်လှူဒါန်းကြကာ ဓမ္မစကြာတရားဦး ဟောတော်မူသည့် ဗုဒ္ဓမြတ်စွာအား ရည်မှန်း အာရုံပြုဖူးမြော်ကြသည်။

ဆက်လက်၍ မိဂဒါဝုန် (မြန်မာ)ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝဏ္ဏဓဇက အနုမောဒနာတရား ဟောကြားတော်မူသည်။

ထို့နောက် မြန်မာချစ်ကြည်ရေးအဖွဲ့ဝင်များသည် မြတ်စွာဘုရား ပထမဝါကပ်တော်မူခဲ့သည့် မိဂဒါဝုန်အတွင်း လှည့်လည်ကြည့်ရှု ကြည်ညိုကြရာ ရှေးဦးစွာ သီရိဓမ္မာသောကမင်း၏ ကျောက်စာတိုင်ကို ကြည့်ရှုလေ့လာကြပြီး ဂေါတမမြတ်စွာဘုရား ဘုရားဖြစ်တော်မူပြီးနောက် ပထမဝါကပ်တော်မူခဲ့သည့် မူလဂန္ဓကုဋီ နန္ဒိယကျောင်းတော်ရာဟောင်းကို ကြည့်ရှု၍ မြတ်စွာဘုရားအား အာရုံပြု ကြည်ညိုကြသည်။

ကပ်လှူပူဇော်

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် ပဉ္စဝဂ္ဂီငါးဦးတို့အား အနတ္တလက္ခဏသုတ် ဟောကြားတော်မူခဲ့သည့် ဓမ္မေခစေတီတော်အား ပန်း၊ ဆီမီး၊ အမွှေးတိုင်နှင့် ရေချမ်းများ ကပ်လှူပူဇော် ကြည်ညိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က အလှူငွေများကို ဆရာတော်ဘဒ္ဒန္တဝဏ္ဏဓဇထံ ဆက်ကပ်လှူဒါန်းကြရာ ဆရာတော်က ဓမ္မလက်ဆောင်အဖြစ် ဓမ္မစကြာမုဒြာရုပ်ပွားတော်တစ်ဆူနှင့် မိဂဒါဝုန်(မြန်မာ)ကျောင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ထုတ်ဝေသည့် စာအုပ်များကို ပြန်လည်ပေးအပ်သည်။

ဖူးမြော်ကြည်ညို

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဓမ္မေခစေတီတော်အား ရွှေသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြပြီး လက်ယာရစ်တစ်ပတ် လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မှတ်တမ်းတင် ဓာတ်ပုံများရိုက်ကြသည်။

ထို့နောက် သီရိလင်္ကာကျောင်းထိပ်သို့ရောက်ရှိကြရာ ဆရာတော်ဘဒ္ဒန္တသုမေဓက မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဓမ္မလက်ဆောင်အဖြစ် ပဝါများကို ပေးအပ်ကြသည်။

ပြန်လည်ပေးအပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် သီရိလင်္ကာကျောင်းတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီးနှင့် ရေချမ်းများဖြင့် ဆက်ကပ်လှူဒါန်း ဖူးမြော်ကြပြီး သာသနာအကျိုးပြု လုပ်ငန်းများအတွက် အသုံးပြုရန် သီရိလင်္ကာဆရာတော်ထံ အလှူငွေများ ပေးအပ်လှူဒါန်းရာ ဆရာတော်က ဓမ္မလက်ဆောင်အဖြစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ပုံတူကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် သီရိလင်္ကာကျောင်းတိုက်၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဗာရာဏသီမြို့မှ ဂယာမြို့သို့ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ညနေ ၆နာရီခွဲတွင် ဂယာလေဆိပ်သို့ ရောက်ရှိကြပြီး လေဆိပ်မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် The Royal Residency Hotel သို့ ရောက်ရှိကြသည်။

မဟာဗောဓိစေတီ

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ည ၈နာရီတွင် ဗုဒ္ဓဂယာရှိ သီရိဓမ္မာသောကမင်းကြီး စတင်တည်ထားခဲ့သည့် မဟာဗောဓိစေတီတော်အား သွားရောက် ဖူးမြော်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မဟာဗောဓိစေတီတော် ဂန္ဓကုဋီတိုက်အတွင်း ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီးနှင့် အမွှေးတိုင်များဖြင့် ဆက်ကပ်လှူဒါန်းပြီး ရှိခိုးပူဇော်ကန်တော့ကြသည်။

လှည့်လည်ကြည်ညို

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည်ဖူးမြော်ကြည်ညိုပြီး မြတ်စွာဘုရား သဗ္ဗညုတဉာဏ်ရရှိတော်မူခဲ့သည့် နေရာဖြစ်သော အပရာဇိတပလ္လင်နှင့် ဗောဓိပင်တို့အား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့်ဟိုတယ်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

လှည့်လည်ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း အဖွဲ့ဝင်များ အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ မိဂဒါဝုန်ရှိ ဓမ္မေခစေတီတော်အား လှည့်လည်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယနိုင်ငံ ကာနာတာဂါပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဧပြီ ၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧပြီ ၄ရက် ည ၇နာရီ မိနစ်၅၀ တွင် ကာနာတာဂါပြည်နယ် ဘန်ဂလောမြို့ရှိ Raj Bhawan သို့ သွားရောက်၍ ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Rameshwar Thakur နှင့် တွေ့ဆုံဆွေးနွေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့အား Raj Bhawanမှ အသင့်စောင့်ကြိုနေသော ပြည်နယ်အုပ်ချုပ်ရေးမှူး Mr.Rameshwar Thakur နှင့် ဇနီးတို့က ခရီးဦးကြိုဆို၍ ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးတို့သည် ဧည့်ခန်းမ၌တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူကိစ္စများကို ရင်းနှီးစွာ အပြန်အလှန်ဆွေးနွေး ဖလှယ်ကြသည်။

တက်ရောက်

ယင်းနောက် ကာနာတာဂါပြည်နယ်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းတို့နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များတက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံဘက်မှ ကာနာတာဂါပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Rameshwar Thakur နှင့် ဇနီးတို့နှင့်အတူ ပြည်နယ်မှ တာဝန်ရှိသူများနှင့် အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးတို့ တက်ရောက်ကြသည်။

ဂုဏ်ပြုလက်ဆောင်ပေးအပ်

ဂုဏ်ပြုညစာစားပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ပြည်နယ်အုပ်ချုပ်ရေးမှူးက ရင်းနှီးချစ်ကြည်စွာ ရိုးရာယဉ်ကျေးမှုနှင့်အညီ ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။ **(သတင်းစဉ်)**

တွေ့ဆုံဆွေးနွေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ကာနာတာဂါပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Rameshwar Thakur တို့ ဘန်ဂလောမြို့ရှိ Raj Bhawan ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)



အိန္ဒိယနိုင်ငံ ဗာဒိုဒါရာမြို့တွင် ကျင်းပသော လေကြောင်းစွမ်းရည်ပြပွဲ၌ လေယာဉ်များ သရုပ်ပြပျံသန်းနေသည်ကို ဧပြီ၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

စစ်ဘေးစစ်ဒဏ်သင့်ခဲ့ရသည့် ဆိုမာလီယာမြို့တော် တုန်လှုပ်ချောက်ချားဖွယ်အတိ ဖြစ်ခဲ့ရပြီ

မိုဂါဒစ်ရှူး ဧပြီ ၈

ဆိုမာလီယာနိုင်ငံ၏ မြို့တော်မိုဂါဒစ်ရှူးသည် စစ်ဘေးစစ်ဒဏ်ကြောင့် ထိတ်လန့်တုန်လှုပ်ချောက်ချားဖွယ်ကောင်းသောမြို့အဖြစ်သို့ ရောက်ရလေပြီဖြစ်ကြောင်း ဧပြီ ၇ရက်က အင်တာနက်သတင်းတွင်ဖော်ပြသည်။

တွေ့ရ

မြို့တော်မိုဂါဒစ်ရှူးရှိ အိုဟောင်းပျက်စီးနေသော ပါလီမန်အဆောက်အအုံ၏ မြောက်ဘက်လမ်းများပေါ်တွင် မြေထိုးစက်ဖြင့် ထိုးထားသကဲ့သို့ အုတ်ကျိုးအုတ်ပုံများကိုသာတွေ့ရကြောင်း ဒေသခံသတင်းထောက်တစ်ဦးက သတင်းရေးသားဖော်ပြထားသည်။

အချို့နေရာများတွင် အဆောက်အအုံအချို့ ရှိနေသေးသော်လည်း အုတ်နံရံများသာရှိနေပြီး အမိုးများပြိုကျနေပြီ ဖြစ်သည်။မြို့တော်နေရာအနှံ့ စစ်မြေပြင်၊ စစ်တလင်းဖြစ်ခဲ့ရသဖြင့် ကျည်ဆန်၊ ဗုံးဆန် မထိမှန်သော နေအိမ်ဆို၍ တစ်လုံးတလေမျှပင် မတွေ့ရတော့ဟု ဆိုသည်။

အလုံးစုံပျက်စီး

မကြာသေးသည့်နှစ်များက တိုက်ပွဲများ အကြီးအကျယ်ဖြစ်ပွားခဲ့၍ မြို့တော်မိုဂါဒစ်ရှူးသည် အလုံးစုံပျက်စီးခြင်းသို့ ရောက်ရှိသွားလေပြီဖြစ်သည်။

တစ်ချိန်က သာယာလှပသော တိုက်တာအဆောက်အအုံများ၊ ဈေးများပျက်စီးနေသလို ကုန်သွယ်ရောင်းဝယ်ဖောက်ကားသော လုပ်ငန်းခွင်သို့ သွားရောက်သူများကိုလည်း မတွေ့ရတော့ဟု ဆိုသည်။

ထွက်ပြေး

အီသီယိုးပီးယား ကျောထောက်နောက်ခံပြုသော အစိုးရတပ်များနှင့် အစ္စလမ္မစ်အုပ်စု အတိုက်အခံတို့အကြား တိုက်ပွဲများဖြစ်ပွားခဲ့မှုကြောင့် မြို့တော်နေ ပြည်သူသန်းဝက်ခန့် နေအိမ်များကိုစွန့်ခွာလျက် ထွက်ပြေးကြရသည်ဟုဆိုသည်။ **(အင်တာနက်)**

မော်ဝါဒီပါတီကို နီပေါဆိုင်ရာ ကုလသမဂ္ဂငြိမ်းချမ်းရေးအဖွဲ့ သတိပေး

ခတ္တမန္ဒူ ဧပြီ ၈

နီပေါနိုင်ငံ၌ ကျင်းပသည့် ရွေးကောက်ပွဲမတိုင်မီ အခြားပါတီများမှ ပါတီဝင်များကို ခြိမ်းခြောက်အကျပ်ကိုင်မှု ရပ်တန်းကရပ်ရန် မော်ဝါဒီပါတီကို ကုလသမဂ္ဂက တိုက်တွန်းလိုက်သည်။

ရွေးကောက်ပွဲ နီးကပ်လာသည်နှင့်အမျှ နီပေါနိုင်ငံ၌ အဖျက်လုပ်ရပ်များ၊ အကြမ်းဖက်မှုများ ပိုမိုများပြားလာကြောင်းဖြင့် နီပေါနိုင်ငံဆိုင်ရာ ကုလသမဂ္ဂငြိမ်းချမ်းရေးအဖွဲ့က သတိပေးပြောကြားသည်။

အဓိကအခန်း

မော်ဝါဒီသူပုန်များ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ချိန်မှ စတင်သည့် နီပေါနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ရွေးကောက်ပွဲသည် အဓိကအခန်းမှပါဝင်သည်။

ဖမ်းဆီးမှု

မော်ဝါဒီ သူပုန်ဟောင်းများသည် အစိုးရအဖွဲ့တွင်ပါဝင်ပြီး ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ ၄င်းတို့သည် ပြိုင်ဘက် ပါတီဝင်များကို ဖမ်းဆီးမှုများ ပြုလုပ်နေသည်ဟု ဆိုသည်။**(အင်တာနက်)**

မူးယစ်မှောင်ခိုဂိုဏ်း ကိုလံဘီယာ၌ ဖြိုခွင်း

ဘိုဂိုတာ ဧပြီ ၈

ကိုလံဘီယာနိုင်ငံ တိုလီမာပြည်နယ် အလယ်ပိုင်း မယ်လ်ဂါဒေသတွင် မူးယစ်ဆေးဝါး မှောင်ခိုသူများဟု မသင်္ကာသူ ခြောက်ဦးကို ဖမ်းဆီးလိုက်ကြောင်း နည်းပညာဆိုင်ရာ မှုခင်း သတင်းစုံစမ်းစစ်ဆေးရေးဌာန (စီတီအိုင်)က ဧပြီ ၄ ရက်၌ သတင်းထုတ်ပြန်သည်။

ယင်းစီးနင်းမှုတွင် မသင်္ကာသူများထံမှ လက်နက်များနှင့် ဆက်သွယ်ရေး ပစ္စည်းများကိုလည်း သိမ်းဆည်းရမိခဲ့သည်။

၄င်းမသင်္ကာသူများထံမှ ဆက်သွယ်ရေး လုပ်ငန်းသုံး ပစ္စည်းများကို သိမ်းယူနိုင်ခဲ့သောကြောင့် စုစည်းနေသော ရာဇဝတ်မှုခင်းများကို ထိုးနှက်နိုင်ခဲ့သည့် အရေးပါသောဖြစ်ရပ်တစ်ခုဖြစ်ကြောင်း စီတီအိုင် ညွှန်ကြားရေးမှူး မာရီလူမင်ဒက်ဇ်က ပြောကြားသည်။

ရဲတပ်ဖွဲ့သည် ၄င်းတို့ထံမှ အငှားယာဉ် ၁၂ စီး၊ ဆိုင်ကယ် ငါးစီး၊ ကုန်တင်ကား တစ်စီး၊ လက်ကိုင်ဖုန်းအလုံး ၁၀၀ ကျော်နှင့် စက်သေနတ် ငါးလက်တို့ကိုလည်း သိမ်းဆည်းရမိခဲ့သည်ဟုဆိုသည်။

အမ်အင်န်အေဆင်ဟွာ

ဆံပင်ညှပ်ခ လိမ်တောင်းသည့် အလှပြင်ဆိုင် ဒေါ်လာခုနစ်သောင်းကျော် ဒဏ်ရိုက်ခံရ

ကျန်ကျို့ ဧပြီ ၈

တရုတ်နိုင်ငံအလယ်ပိုင်း ဟိုင်နန်ပြည်နယ်ရှိ အမျိုးသမီးအလှပြင်ဆိုင် တစ်ဆိုင်သည် မိန်းကလေးနှစ်ဦးအား ဆံပင်ညှပ်ခကို ယွမ် ၆၀၀၀စီ ဈေးနှုန်းမြင့်ပြီး ပိုက်ဆံ လိမ်ညာယူခဲ့၍ ဒေသဆိုင်ရာ ငွေကြေးအာဏာပိုင်အဖွဲ့က ယွမ်ငါးသိန်း (အမေရိကန်ဒေါ်လာ ၇၁၂၂၅ဒေါ်လာ) ဒဏ်ရိုက်လိုက်ကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

အဆိုပါ အလှပြင်ဆိုင်သည် ကျန်ကျို့မြို့၌ ၂၀၀၄ ခုနှစ်က မှတ်ပုံတင်ထားသော ပေါ်အင်တာနေရှင်နယ်ဟု အမည်ပေးထားသည့် အလှပြင်ဆိုင်ဖြစ်သည်။

ဒဏ်ရိုက်

ယင်းအလှပြင်ဆိုင်ကို ငွေကြေးလိမ်ညာယူသည့်ဥပဒေအရ ဧပြီ ၅ရက်တွင် ယွမ်ငွေငါးသိန်း ဒဏ်ရိုက်လိုက်သည်။

တရုတ်နိုင်ငံတွင် သတ်မှတ်ဈေးနှုန်းထက် ပိုတောင်းသည့် ဈေးဆိုင်များ၊ ဝန်ဆောင်မှု လုပ်ငန်းများကို အမြင့်ဆုံး ယွမ်ငါးသိန်းအထိ ဒဏ်ရိုက်နိုင်ကြောင်း ကျန်ကျို့ မြူနီစီပယ်ငွေကြေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်န်အေဆင်ဟွာ

ပျက်စီးနေသော အဆောက်အအုံ

စစ်ဘေးဒဏ်ခံခဲ့ရသော ဆိုမာလီယာနိုင်ငံ မြို့တော်မိုဂါဒစ်ရှူးတွင် ပျက်စီးနေသော အဆောက်အအုံများ၏ မြင်ကွင်းကို ဧပြီ ၈ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အကြမ်းဖက် တိုက်ခိုက်ရေးသမားရှစ်ဦး ပါကစ္စတန်တွင် ရဲတပ်ဖွဲ့ ဖမ်းဆီး

အစ္စလမ္မာဘတ် ဧပြီ ၈

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ် အရှေ့ပိုင်း၌ ရွေးကောက်ပွဲကာလအတွင်း အကြမ်းဖက်တိုက်ခိုက်ရန် ကြိုးစားခဲ့သော အကြမ်းဖက်သမားဟု စွပ်စွဲခံရသူ ရှစ်ဦးအား ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း ဒေသဆိုင်ရာ ရုပ်မြင်သံကြားတွင် သတင်းထုတ်လွှင့်ခဲ့သည်။

ကိုးကားထုတ်လွှင့်

ဖမ်းဆီးထားသော အကြမ်းဖက်သမားများသည် ဘာသာရေး ဝန်ကြီးဟောင်း အီဂျက်ဇ်အုလ်လက်အား ဖေဖော်ဝါရီ ၁၈ ရက် ရွေးကောက်ပွဲ စည်းရုံးလှုံ့ဆော်နေစဉ် လုပ်ကြံသတ်ဖြတ်ရန် စီစဉ်ခဲ့ကြောင်း ရဲတပ်ဖွဲ့၏ ပြောကြားချက်ကို ရုပ်မြင်သံကြားက ကိုးကားထုတ်လွှင့်ခဲ့သည်။

သေဆုံး

သို့သော်လည်း အသေခံ တိုက်ခိုက်ရေးသမားနှစ်ဦးသည် အသေခံ တိုက်ခိုက်ခြင်းမပြုမီ ဖောက်ခွဲရေး ပစ္စည်းများ လက်ထဲတွင် ပေါက်ကွဲသွား၍ သေဆုံးသွားခဲ့သည်။

ဖမ်းဆီး

ရဲတပ်ဖွဲ့က အဆိုပါ အကြမ်းဖက်သမားများအား ပန်ဂျပ်ပြည်နယ် ဘာဟာဝါနာဂျာရိုင်၌ ဖောက်ခွဲရေးပစ္စည်း ၄၅ ကီလိုနှင့်အတူ ဖမ်းဆီးလိုက်သည်ဟု ဆိုသည်။ **အမ်အင်န်အေဆင်ဟွာ**

လာအိုနိုင်ငံတွင် ထင်းမီးသွေးထုတ်လုပ်သော လုပ်ငန်းတစ်ခု၌ မီးသွေးများ ရောင်းရန်အတွက် ပြင်ဆင်နေသည်ကို ဧပြီ ၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဘဝအမောပြေ

ပေးပါ့မယ်....

နှစ်သစ်ကူးအထိမ်းအမှတ်အဖြစ် ပစ္စည်းများ လျှော့ဈေးဖြင့် ရောင်းချသည့်အပြင် ဈေးဝယ်သူများအား စာအိတ်ပိတ်၍ မုန့်ဖိုးများပေးလျက်ရှိသော ဆိုင်တစ်ဆိုင်သို့ အမျိုးသမီးကြီးတစ်ဦး ရောက်ရှိလာသည်။

အမျိုးသမီးကြီး ။ ။ ငါလဲပစ္စည်းဝယ်တယ်...စာအိတ်နဲ့ မုန့်ဖိုးမပေးဘူးလား။

ဈေးရောင်းလူငယ် ။ ။ လူငယ်တွေအတွက် အထူးအစီအစဉ်ပါ အန်တီ။

[ထိုအချိန်၌ ဈေးဝယ်သူ မိန်းကလေးတစ်ဦးက စာအိတ်ကိုဖောက်ရာ ဒေါ်လာ ၁၀၀၀ ရရှိသဖြင့် လွန်စွာပျော်ရွှင်နေသည်ကို အမျိုးသမီးကြီး တွေ့ရှိပြီး အိမ်သို့ပြန်ကာ သမီးဖြစ်သူအား ခေါ်လာလေသည်။]

အမျိုးသမီးကြီး ။ ။ကဲ..ဒါငါ့သမီးပဲ... အလှကုန်တွေဝယ်ပြီးပြီ... လက်ဆောင်မုန့်ဖိုးပေးပါ။

[အမျိုးသမီးကြီး၏ ချောမောလှပသော သမီးကိုကြည့်ကာ လူငယ်က စာအိတ်ပေးလိုက်သည်။ လမ်းတစ်နေရာရောက်သော်....]

အမျိုးသမီးကြီး ။ ။ ကဲ..သမီးဘယ်လောက်ရသလဲ ဖွင့်ဖောက်ကြည့်စမ်းပါ...

သမီး ။ ။ စာအိတ်ကိုဖွင့်လိုက်ရာ"ရည်းစားစာပဲပါတယ် အမေရေ"

အမျိုးသမီးကြီး ။ ။ "ဘာ"

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

■ **အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်၌ ဧပြီ ၈ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုဖြစ်ပွားခဲ့ရာ ခုနစ်ဦးသေဆုံးခဲ့သည်။** (အပေါ်ပုံ)

➢ တောင်ကိုရီးယားနိုင်ငံ မာရာကျွန်းတောင်ဘက်ကမ်းလွန်၌ ဧပြီ ၈ ရက်က တောင်ကိုရီးယားကုန်တင်သင်္ဘောတစ်စင်းနှင့် တရုတ်ငါးဖမ်းစက်လှေတစ်စင်းတို့ တိုက်မိခဲ့ရာ တရုတ်ငါးဖမ်းစက်လှေ နစ်မြုပ်ခဲ့ပြီး ငါးဖမ်းသမားခြောက်ဦး ပျောက်ဆုံးလျက်ရှိသည်။

■ **ဆားဘီးယားနိုင်ငံ ဇီမန်ခရိုင်အတွင်း ဧပြီ ၈ရက်က ကုန်လှောင်ရုံတစ်ရုံမီးလောင်မှု ဖြစ်ပွားရာ ၄၀ကျော်ဒဏ်ရာရရှိသွားသည်။**

➢ အာဂျင်တီးနားနိုင်ငံ အနောက်မြောက်ပိုင်း ကော်ရီတက်စ်မြို့တွင် ဧပြီ ၈ရက်က ခရီးသည်တင်မော်တော်ယာဉ်တစ်စီး လမ်းဘေးထိုးကျသွားခဲ့ရာ ငါးဦးသေဆုံးပြီး ၁၅ဦး ဒဏ်ရာရခဲ့သည်။

■ **ဗြိတိန်နိုင်ငံတောင်ပိုင်း လစ်ဟော့ခ်မြို့၌ ဧပြီ ၈ ရက်နံနက်ပိုင်းက နှင်းများအဆမတန်ကျဆင်းခဲ့မှုကြောင့် မော်တော်ယာဉ်များသွားလာမှု ရပ်ဆိုင်းခဲ့ရသည်။**

➢ တရုတ်နိုင်ငံရှိ ယန်ဇီမြစ်ကမ်းပါးများ ဧပြီ ၇ရက်က ပြိုကျမှုဖြစ်ပွားခဲ့ရာ ယီဒူမြို့အနီး အဆိုးရွားဆုံးဖြစ်သည်။

■ **အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)ရှိ ဒူဘိုင်းလ်မြို့တွင် ဧပြီ ၈ရက်က ဆောက်လုပ်စအဆောက်အအုံတစ်ခု ပြိုကျခဲ့ရာ သုံးဦးသေဆုံးခဲ့သည်။**

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၈-၄-၂၀၀၈

အင်ဒိုနီးရှား၏ အရှည်ဆုံးတံတား ဖွင့်မည်

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းနှင့် မာဒူရာကျွန်းများကို ဆက်သွယ်ထားသည့် အင်ဒိုနီးရှားနိုင်ငံ၏ အရှည်ဆုံးတံတား တစ်စင်းကို ၂၀၀၉ ခုနှစ်၌ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်းအင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

အဆိုပါ တံတားသည် အရှည် ၅ဒသမ ၄ကီလိုမီတာရှည်ပြီး အမေရိကန်ဒေါ်လာသန်း ၃၃၀ အကုန်အကျခံကာ တည်ဆောက်နေခြင်းဖြစ်သည်။

အိန္ဒိယ-အာဖရိက ထိပ်သီးအစည်းအဝေးကျင်းပ

အိန္ဒိယ-အာဖရိက ထိပ်သီးအစည်းအဝေးကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ စတင် ကျင်းပကြောင်း အိန္ဒိယ အရာရှိများက ပြောကြားသည်။

ဧပြီ ၈ ရက်မှ ၉ ရက်အထိ ကျင်းပသည့် အဆိုပါထိပ်သီးအစည်းအဝေး၌ အာဖရိကတွင် အိုင်တီနည်းပညာများ တိုးတက်ဖြစ်ထွန်းစေရန် အိုင်တီနည်းပညာနှင့် ပတ်သက်သည့် အဆောက်အအုံများ တည်ဆောက်ပေးမည့် ကိစ္စများကို ဦးစားပေးဆွေးနွေးကြသည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းများမြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းများ ပြန်လည်မြင့်တက်လာကြောင်း တရုတ်ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

တရုတ်ဈေးကွက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၉၁၃ဒသမ၂ ဒေါ်လာ အထိပြန်တက်လာကြောင်း တရုတ်ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

အစ္စရေးဝန်ကြီးချုပ်နှင့် ပါလက်စတိုင်းသမ္မတ ဆွေးနွေးမည်

အစ္စရေးဝန်ကြီးချုပ် အီဟွတ်အိုမက်နှင့် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်တို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဆက်လက်ပြုလုပ်ကြမည်ဖြစ်ကြောင်း အစ္စရေးအရာရှိများက ပြောကြားသည်။

ထိုသို့ဆွေးနွေးရာတွင် ပါလက်စတိုင်း လက်နက်ကိုင်များက ဒုံးကျည်များဖြင့် ပစ်ခတ်မှုကိစ္စ အပါအဝင် အစ္စရေးတပ်ဖွဲ့များ ဂါဇာကမ်းမြောင်ဒေသအတွင်း ဝင်ရောက်နေမှုများရပ်တန့်ရေးဆွေးနွေးကြမည်ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ သမုဒ္ဒရာများညီလာခံ ဗီယက်နမ်၌ကျင်းပ

လေးကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ သမုဒ္ဒရာများနှင့် ပတ်သက်သည့်ညီလာခံကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ စတင်ကျင်းပသည်။

ငါးရက်ကြာကျင်းပမည့် အဆိုပါညီလာခံ၌ ကမ္ဘာတစ်ဝန်းရှိ သမုဒ္ဒရာများ၊ ပင်လယ်များ၊ ကျွန်းများနှင့် ကမ်းရိုးတန်းများ ထိန်းသိမ်းရေးကိစ္စများကို နိုင်ငံတကာမှ ကျွမ်းကျင်သူများနှင့် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာတန်ဖိုး ပြန်တက်လာ

ကမ္ဘာ့ဈေးကွက်၌ အမေရိကန်ဒေါ်လာတန်ဖိုး အနည်းငယ် မြင့်တက်လာကြောင်း ဂျပန်ငွေကြေးလုပ်ငန်းရှင်များက ပြောကြားသည်။

ဂျပန်ငွေကြေး ဈေးကွက်၌ အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ဂျပန်ငွေ ၁၀၂ယန်းတွင် အမေရိကန် တစ်ဒေါ်လာ ရှိလာပြီး နယူးယောက် ဈေးကွက်၌ တစ်ယူရိုလျှင် အမေရိကန်ဒေါ်လာ ၁ဒသမ ၅၆၆၅ ဒေါ်လာရှိလာသည်။

အိန္ဒိယ၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း ထရီပူရာပြည်နယ်၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားလျက်ရှိကြောင်း အိန္ဒိယ ကျန်းမာရေးအရာရှိများက ပြောကြားသည်။

ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုမှာ ထရီပူရာပြည်နယ် ဒါလီခရိုင်တွင်ရှိသော ကြက်မွေးမြူရေးခြံများ၌ ဖြစ်ပွားနေခြင်းဖြစ်ပြီး ကြက်ကောင်ရေ ၂၀၀၀၀ ကျော်ကို သုတ်သင်ရှင်းလင်းခဲ့ရကြောင်း ၎င်းတို့ကပြောကြားသည်။

ထိုင်းတောင်ပိုင်း၌ ဗုံးများပေါက်ကွဲ

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ်၌ ဗုံးများပေါက်ကွဲခဲ့ကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါဗုံးများ ပေါက်ကွဲမှုကြောင့် ဓာတ်အားလိုင်းများ ပျက်စီးခဲ့ပြီး မိုဘိုင်းလ်ဖုန်းဆက်သွယ်ရေးများလည်း ပြတ်တောက်ခဲ့သည်ဟု ထိုင်းရဲတပ်ဖွဲ့က ပြောကြားသည်။

သူတို့အတွေးနှင့် အမြင်

* ***Truth is within ourselves.***
အမှန်တရားသည် ကျွန်ုပ်တို့၏ ကိုယ်တွင်း၌သာရှိသည်။

ရောဘတ်ဘရောင်းနင်း
(ကဗျာဆရာ)

* ***Early and provident fear is the mother of safety.***
နောင်ရေးအတွက် စောစီးစွာနှင့် ကြိုတင်စိုးရိမ်ပူပန်မှုသည် လုံခြုံဘေးကင်းမှု၏ မိခင်သဖွယ်ဖြစ်သည်။

အက်ဒမန်ဘာကီ
(စာရေးဆရာ)

နိုးထလာသော ဟွန်ဒူရပ်စ် သမ္မတနိုင်ငံ

သတင်းအက်ဆေး

ဟွန်ဒူရပ်စ်သမ္မတနိုင်ငံသည် အမေရိကတိုက်အလယ်ပိုင်းတွင် တည်ရှိသည်။ စစ်ဘက်က အုပ်ချုပ်မှု၊ အာဂတိလိုက်စားမှု၊ ဆင်းရဲချမ်းသာ ကွာဟချက်ကြီးမားမှု၊ ရာဇဝတ်မှုနှင့် သဘာဝကပ်ဘေးတို့ကြောင့် ဟွန်ဒူရပ်စ် သမ္မတနိုင်ငံမှာ အမေရိကတိုက်အလယ်ပိုင်းတွင် ဖွံ့ဖြိုးမှုအနည်းဆုံးနှင့် လုံခြုံမှု အကင်းမဲ့ဆုံးသော နိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိသွားခဲ့ရသည်။

ကြိုးပမ်း

၁၉၈၀ပြည့်နှစ်များ အလယ်အထိ ထိုနိုင်ငံကို စစ်ဘက်က အုပ်စိုးထားခြင်းသည် ထိုဒေသအတွင်း တော်လှန်ရေး လှုပ်ရှားမှုများ မပေါ်ပေါက်၊ မပွံ့နှံ့အောင်ကာဆီးသည့် အမေရိကန်၏ ကြိုးပမ်းအားထုတ်မှုများကို တက်တက်ကြွကြွ ထောက်ခံအားပေးရာရောက်သည်။ ထိုအချိန်မှစ၍ အရပ်ဘက်ခေါင်းဆောင်များသည် အောင်မြင်မှုအတိုင်းအတာ အမျိုးမျိုးဖြင့် စစ်ဘက်အာဏာကို ကန့်သတ်ရန် ကြိုးပမ်းခဲ့ကြသည်။

တရားစွဲဆို

အချို့သော စစ်အရာရှိတို့ကို လူ့အခွင့်အရေး ချိုးဖောက်မှုဖြင့် စွဲချက်တင်သည်။ သို့သော် အများအပြားမှာ လူ့အခွင့်အရေး ချိုးဖောက်မှုဖြင့် တရားစွဲဆို အရေးယူခြင်းမျိုး မရှိသေးပေ။

လွတ်လပ်ရေးရရှိ

ဟွန်ဒူရပ်စ်နိုင်ငံသို့ ခရစ္စတိုဖာကိုလံဘတ် ၁၅၀၂ခုနှစ်တွင် ရောက်လာသည်။ ထို့နောက် စပိန်တို့အောင်ပွဲခံ သိမ်းယူသည်။ ၁၈၂၁ခုနှစ်တွင် ဟွန်ဒူရပ်စ်နိုင်ငံသည် စပိန်လက်အောက်မှ လွတ်လပ်ရေးရသည်။ သို့သော် မက္ကဆီကိုနိုင်ငံ၏ အစိတ်အပိုင်းတစ်ခုဖြစ်လာသည်။ ၁၈၄၀ ပြည့်နှစ်အရောက်တွင် လုံးဝလွတ်လပ်ရေး ရရှိသည်။

အာဏာသိမ်း

၁၉၃၂-၄၉ခုနှစ်အထိ ဗိုလ်ချုပ်ကြီး တီဘာစီယိုကားရီးယပ်အင်ဒီနို ဦးဆောင်သည့် ပီအင်အိတ်ချ်ပါတီက အာဏာရှင် စနစ်ဖြင့် အုပ်ချုပ်သည်။ ၁၉၆၃ခုတွင် ဗိုလ်မှူးကြီး လိုပက်က အာဏာသိမ်းသည်။ ၁၉၇၄ ခုနှစ်တွင် အမေရိကန်ကုမ္ပဏီတစ်ခုမှ လာဘ်စားမှုပေါ်ပေါက်ပြီး ရာထူးမှ နုတ်ထွက်သည်။ ၁၉၇၅ ခုနှစ်တွင် ဗိုလ်မှူးကြီး ဂျူအန်အယ်ဘတ်တိုမဲဂါ အာဏာရယူသည်။ ၁၉၇၈ခုနှစ်တွင် ဗိုလ်ချုပ်ကြီးမဲဂါအား ဗိုလ်ချုပ်ကြီး ပိုလီကာပိုပက်ဂါဆီယာက ဖြုတ်ချအာဏာသိမ်းသည်။

ကျိုန်ဆို

၁၉၈၁ခုနှစ်တွင် ဟွန်ဒူရပ်စ်လစ်ဘရယ်ပါတီ(ပီအယ်လ်အိတ်ချ်)၏ ပါတီခေါင်းဆောင် ရောဘတ်တို ဆွာဇိုကော်ဒိုဗာ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။ နှစ် ၁၀၀ကျော်အတွင်း ပထမဆုံး အရပ်သားအစိုးရဖြစ်သည်။ ၁၉၈၆ခုနှစ်တွင် ဟိုဆေးအက်ဇ်ကွန်နာ ဒဲဟိုယိုသမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၁၉၉၀ပြည့်နှစ် ဇန်နဝါရီလတွင် ရာဖဲကာလီဂျတ်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။ ၁၉၉၃ ခုနှစ်တွင် ကာလို့စ်ရိန်နာ သမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၁၉၉၇ခုနှစ်တွင် လစ်ဘရယ်ပါတီမှ ကာလို့ဖယောရက် သမ္မတဖြစ်လာသည်။ ၂၀၀၂ခုနှစ်တွင် ရီကာဒိုမာဒူရို သမ္မတဖြစ်လာသည်။

ရွေးချယ်

၂၀၀၃ခုနှစ် မေလတွင် အီရတ်သို့ ဟွန်ဒူရပ်စ်တပ်များစေလွှတ်ပြီး ၂၀၀၄ခုနှစ် မေလတွင် ပြန်လည်ရုပ်သိမ်းသည်။ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် မင်ညူယယ်ဇဲလာယာ သမ္မတအဖြစ် ရွေးချယ်ခံရသည်။

ဟွန်ဒူရပ်စ်လူ့ဘောင်မှာ စီးပွားရေး မညီမျှမှုများ ရောပြွမ်းလျက်ရှိပြီး အာဟာရချို့တဲ့မှု၊ အနေအထိုင် ဆင်းရဲမှု၊ ကလေးသူငယ်ရောဂါထူပြောမှုများနှင့် ကြုံတွေ့ခံစားနေရသည့် လူ့အဖွဲ့အစည်း တစ်ရပ်ဖြစ်သည်။

လူဦးရေ ၅၀ရာခိုင်နှုန်းမှာ အသက် ၁၉နှစ်အောက် လူငယ်လူရွယ်များဖြစ်သည်။ ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းနည်းသဖြင့် ပြည်ပနိုင်ငံများ အထူးသဖြင့် အမေရိကန်နိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်ကြသည်။

သမ္မတ မင်ညူယယ်ဇဲလာယာက အဂတိလိုက်စားမှု ပပျောက်ရေး၊ အလုပ်အကိုင်များ ဖန်တီးပေးရေးတို့ကို ဦးစားပေး ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာထားသည်။ ရာဇဝတ်မှု တိုက်ဖျက်ရေးကိုလည်း ပြတ်ပြတ်သားသား ဆောင်ရွက်ရန် ရဲအရာရှိအင်အား နှစ်ဆတိုးရန် စီမံဆောင်ရွက်လျက်ရှိသည်။ ဟွန်ဒူရပ်စ်သမ္မတနိုင်ငံသည် အနာဂတ်တွင် ပိုမိုလုံခြုံမှုရှိပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည့် လက္ခဏာရှိပါသည်။ ။

(ကိုးကား-အင်တာနက်) *တိုး - ရေးသားသည်*

ဟွန်ဒူရပ်စ်နိုင်ငံသို့ ခရစ္စတိုဖာကိုလံဘတ် ၁၅၀၂ ခုနှစ်တွင် ရောက်လာ၊ ထို့နောက် စပိန်တို့အောင်ပွဲခံ သိမ်းယူ၊ ၁၈၂၁ခုနှစ်တွင် ဟွန်ဒူရပ်စ်နိုင်ငံသည် စပိန်လက်အောက်မှ လွတ်လပ်ရေးရ၊ သို့သော် မက္ကဆီကိုနိုင်ငံ၏ အစိတ်အပိုင်းတစ်ခုဖြစ်လာ၊ ၁၈၄၀ ပြည့်နှစ်အရောက်တွင် လုံးဝလွတ်လပ်ရေးရရှိ။

9-4 (05).pmd 1 4/9/2008, 2:51 AM

နိုင်ငံတကာသတင်းများ

ဇင်ဘာဘွေသမ္မတ ရွေးကောက်ပွဲအမှု ကော်မရှင်၏ထုချေလွှာကို ပထမစဉ်းစားမည်ဟုဆို

ဟာရာရေး ဧပြီ ၈

မကြာမီက ကျင်းပပြီးစီးသွားသည့် ဇင်ဘာဘွေသမ္မတ ရွေးကောက်ပွဲရလဒ်ကို အမြန်ထုတ်ပြန်ရန် တောင်းဆိုသည့် အတိုက်အခံပါတီ၏ အသနားခံလွှာကို ဇင်ဘာဘွေ တရားရုံးချုပ် တရားသူကြီးက ကြားနာစီရင်ချက် ချမည်ဖြစ်သည်။

ထိုအမှုကို တရားရုံးချုပ်တွင် စစ်ဆေးစီရင်ပိုင်ခွင့်မရှိဟူသော ရွေးကောက်ပွဲကော်မရှင်၏ ထုချေလွှာကို ပထမဆုံး စဉ်းစားမည်ဟု တရားရုံးချုပ် တရားသူကြီးက ပြောကြားသည်။

ကြေညာ

သမ္မတရွေးကောက်ပွဲတွင် သမ္မတမူဂါဘီကို အနိုင်ရကြောင်း အတိုက်အခံခေါင်းဆောင် မော်ဂန်ရှန်ဂီရိုင်းက ကြေညာထားသည်။

မတ် ၂၉ရက်က သမ္မတရွေးကောက်ပွဲ အနိုင်အရှုံးမှာ ယခုအထိ ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခြင်း မရှိသေးပေ။

တရားရုံးချုပ် စီရင်ချက်မချမီ သမ္မတမူဂါဘီက သိမ်းထားသည့် မြေယာများ လူဖြူများလက်သို့ ပြန်မရောက်စေရပါဟု လူမည်းပြည်သူများအား နှိုးဆော်အသိပေးလိုက်သည်။ **(အင်တာနက်)**

ဒီမိုကရက်တစ်ပါတီစည်းရုံးလှုံ့ဆော်မှု အကြံပေးပုဂ္ဂိုလ် မတ်ပင်း ဟီလာရီအနိုင်ရရေး မဲဆွယ်စည်းရုံးရေးအဖွဲ့မှ နုတ်ထွက်

ဝါရှင်တန် ဧပြီ ၈

ဒီမိုကရက်တစ်ပါတီမှ အထက်လွှတ်တော်အမတ် ဟီလာရီအနိုင်ရရေး မဲဆွယ်စည်းရုံးရေးအဖွဲ့၏ စည်းရုံးလှုံ့ဆော်မှု ထိပ်တန်းအကြံပေးပုဂ္ဂိုလ် မစ္စတာမတ်ပင်းမှာ ယခုအခါ ထိုတာဝန်မှ နုတ်ထွက်သွားရပြီဖြစ်သည်။

ဟီလာရီ အနိုင်ရရေး မဲဆွယ်စည်းရုံးရေးအဖွဲ့၏ စည်းရုံးလှုံ့ဆော်မှု ထိပ်တန်း အကြံပေးပုဂ္ဂိုလ် မစ္စတာ မတ်ပင်း။ (အင်တာနက်ဓာတ်ပုံ)

မစ္စတာမတ်ပင်းမှာ ဟီလာရီကလင်တန်၏ မိတ်ဆွေကောင်းတစ်ဦး၊ အယုံကြည်ရဆုံး အကြံပေးပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး ယခုအချိန်တွင် ဟီလာရီအနိုင်ရရေးအတွက် အရေးတကြီး ဆောင်ရွက်နေရမည်ဖြစ်သော်လည်း ၎င်းသည် လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီမှု ရရေးအတွက် ကိုလံဘီယာအစိုးရ အရာရှိများနှင့် တွေ့ဆုံဖြစ်ခဲ့သည်။

ယင်းသို့အရေးကြီးနေချိန်တွင် မစ္စတာမတ်ပင်းမှာ လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူရေးအတွက် ကိုလံဘီယာအစိုးရအရာရှိများနှင့် တွေ့ဆုံခြင်းမှာ မဟာအမှားတစ်ခု ဖြစ်သည်။

ပြစ်တင်

အကြံပေးပုဂ္ဂိုလ်တစ်ဦးအနေဖြင့် အိုဘားမားကို ဟီလာရီက အနိုင်ရအောင် မစည်းရုံး မဆောင်ရွက်နိုင်ခြင်းအတွက်လည်း မစ္စတာမတ်ပင်းအား ဟီလာရီကလင်တန်၏ အတွင်းစည်း ရဲဘော်ရဲဘက် အများအပြားက မကျေမနပ်ဖြစ်ပြီး ပြစ်တင်ကြသည်။

အကြိတ်အနယ်

ဟီလာရီသည် ယခုလကုန်ပိုင်းပြုလုပ်မည့် ပင်ဆယ်ဗေးနီးယားပြည်နယ် အကြို ရွေးကောက်ပွဲအတွက် အိုဘားမားနှင့် အကြိတ်အနယ် မဲဆွယ်နေရသည်။

အရေးကြီး

လွတ်လပ်စွာ ကုန်သွယ်ရေးကို အမေရိကန် အလုပ်သမားသမဂ္ဂ ခေါင်းဆောင်များက ဆန့်ကျင်သည်။ အလုပ်သမားသမဂ္ဂ ခေါင်းဆောင်များ၏ ထောက်ခံမှုမှာ ဟီလာရီအတွက် လွန်စွာအရေးကြီးနေသည်။

မစ္စတာ မတ်ပင်းမှာ သူ့အမှားအတွက် ဝန်ချတောင်းပန်သော်လည်း သူ့အနေဖြင့် ဟီလာရီစည်းရုံးရေးလုပ်ငန်းမှ နုတ်ထွက်ရုံမှအပ အခြားရွေးချယ်စရာမရှိတော့ပေ။

အပြောမှား၊ အလုပ်မှား၍ ဟီလာရီအနိုင်ရရေး မဲဆွယ်စည်းရုံးရေးအဖွဲ့မှ နုတ်ထွက်ခဲ့ရသူ အခြားတစ်ဦးမှာ အကြံပေးပုဂ္ဂိုလ် မီးစ်ချရယ်လင်းဖာရေးဂိုး ဖြစ်သည်။ **(အင်တာနက်)**

သီရိလင်္ကာ၌ အကြမ်းဖက်မှုအမြစ်ပြတ်ချေမှုန်းမည် သမ္မတ မဟင်ဒါရာဂျာပက်ခ်ဆာ ပြောကြား

ကိုလံဘို ဧပြီ ၈

သီရိလင်္ကာသမ္မတ မဟင်ဒါရာဂျာပက်ခ်ဆာက ဝါရင့်ဝန်ကြီးတစ်ဦး လုပ်ကြံခံရပြီးနောက် စိုးရိမ်ပူပန်မှုဖြစ်ကာ နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုကို အမြစ်ပြတ်ချေမှုန်းသွားရန် သန္နိဋ္ဌာန်ချထားကြောင်း ပြောကြားလိုက်သည်။

ဖော်ပြ

တမီးလ်ကျားသူပုန်များသည် သီရိလင်္ကာနိုင်ငံရှိ ကက်သလစ်နှင့် ခရစ်ယာန်အသိုင်းအဝိုင်းမှ ခေါင်းဆောင်တစ်ဦးကို ပစ်မှတ်ထားတိုက်နေကြောင်း သမ္မတပက်ခ်ဆာ၏ ကြေညာချက်တွင် ဖော်ပြသည်။

တိုက်ခိုက်

ကျားသူပုန်အဖွဲ့မှ အသေခံဗုံးခွဲတိုက်ခိုက်ရေးသမားတစ်ဦးသည် ကိုလံဘိုမြို့ အရှေ့မြောက်ဘက် ၁၉ ကီလိုမီတာခန့်အကွာ ဝီလီဝါရာယာ အရပ် မာရသွန်ပြေးပွဲကျင်းပရာ လမ်းမကြီးပေါ်၌ ဧပြီ ၆ ရက် နံနက် ၇ နာရီခွဲတွင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဖာနန်ဒိုပေါလီနှင့် အဖွဲ့အား ဗုံးခွဲတိုက်ခိုက်ခဲ့သည်။

ယင်းဗုံးခွဲတိုက်ခိုက်မှုကြောင့် ၁၄ ဦး သေဆုံးပြီး ၈၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘာဆာရာမြို့၌ဗုံးပေါက်ကွဲမှုများဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဧပြီ ၈ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နေအရွယ်အစား၏ထက်ဝက်မျှရှိသော ဂြိုဟ်များ ဂျူပီတာနှင့် စေတန်ဂြိုဟ်တို့ကို လှည့်ပတ်နေ

လန်ဒန် ဧပြီ ၈

နေကို လှည့်ပတ်နေသော ဂြိုဟ်ကြီးများရှိရာတွင် ဂျူပီတာဂြိုဟ်နှင့် စေတန်ဂြိုဟ်တို့လည်း အပါအဝင် ဖြစ်သည်။

တွေ့ရှိထား

နက္ခတ္တဗေဒပညာရှင်များသည် အဆိုပါ ဂျူပီတာဂြိုဟ်နှင့် စေတန်ဂြိုဟ်(ခေါ်) စနေဂြိုဟ်တို့တွင် နေအရွယ်အစား၏ ထက်ဝက်အရွယ်အစားရှိသော ဂြိုဟ်တစ်လုံးစီ လှည့်ပတ်နေကြောင်း တွေ့ရှိထားသည်ဟု ဆိုသည်။(အောက်ပုံ)

ပြောကြား

ယင်းတွေ့ရှိချက်သည် လူသားများ သာမန် ယူဆထားသည်ထက် ပိုမိုထူးခြား အံ့သြဖွယ်ကောင်းသော ဂြိုဟ်အဖွဲ့အစည်း စနစ်ရှိနေကြောင်း ဗြိတိန်နိုင်ငံ စိန့်အင်ဒရူး တက္ကသိုလ်မှ နက္ခတ္တဗေဒပညာရှင် မာတင် ဒေါမနစ်က ပြောကြားသည်။

အဆိုပါ ဂြိုဟ်အဖွဲ့အစည်းစနစ်သည် လူသားများနေထိုင်ရာ ကမ္ဘာဂြိုဟ်ကဲ့သို့ ဂြိုဟ်များ ရှိနိုင်ကြောင်း စိန့်အင်ဒရူး တက္ကသိုလ်မှ နက္ခတ္တဗေဒ ပညာရှင်များက ပြောကြားသည်။

တူညီ

မိမိတို့ သုတေသနအဖွဲ့သည် နေအဖွဲ့အစည်းရှိ ဂျူပီတာဂြိုဟ်နှင့် စေတန်ဂြိုဟ်တို့ကို လှည့်ပတ်နေသောဂြိုဟ်များရှိသည်ကို လေ့လာတွေ့ရှိခဲ့ကြောင်း၊ ယင်းဂြိုဟ်နှစ်လုံးသည် နေအရွယ်အစား၏ထက်ဝက်မျှရှိကြောင်း၊ ဂြိုဟ်များ၏ဒြပ်ထု၊ အချင်းဝက်နှင့် လှည့်ပတ်သည့်ကြာချိန်တို့မှာ တူညီကြောင်း ဒေါက်တာဒေါမနစ်က ပြောကြားသည်။ (အင်တာနက်)



အနှစ် ၁၀၀ နီးပါး ပျောက်ကွယ်နေသော မြီးတံတိုကြောင်များ အီတလီတောင်ပိုင်းတွင် ပထမဆုံးအကြိမ်တွေ့ရှိခဲ့ရ

ရောမ ဧပြီ ၈

အီတလီနိုင်ငံ အယ်လ်ပတ်တောင်တန်း၌ အနှစ် ၁၀၀ နီးပါး မျိုးသုဉ်းပျောက်ကွယ်နေသော ရှားပါးမြီးတံတိုကြောင်များကို ပထမဆုံးအကြိမ်အဖြစ် တွေ့ရှိရကြောင်း ဧပြီ ၇ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါ မြီးတံတိုကြောင်များ **(ယာပုံ)** သည် ဆွစ်ဇာလန်နိုင်ငံ တောင်တန်းများကို ဖြတ်ကျော်လျက် ဝင်ရောက်လာခြင်းဖြစ်ကြောင်း အီတလီတောင်ပိုင်း တိုင်ရောဒေသရှိ သစ်တောအာဏာပိုင်များက ပြောကြားသည်။

ကျက်စား

အီတလီနိုင်ငံ တောင်ပိုင်း အယ်လ်ပတ်တောင်တန်းဒေသတွင် မြီးတံတိုကြောင်များ အလွန်ပေါများ ကျက်စားရာ ဒေသတစ်ခု ဖြစ်ခဲ့သည်။

ပျောက်ကွယ်

သို့သော်လည်း ၂၀ ရာစု အစောပိုင်းက ထိုဒေသရှိ လယ်သမားများနှင့် တောမုဆိုးများ အမဲလိုက်သတ်ဖြတ်စားသောက်မှုကြောင့် မျိုးသုဉ်းပျောက်ကွယ်ခဲ့သည်ဟု ဆိုသည်။

ထိန်းသိမ်း

၁၉၇၀ ပြည့်လွန်နှစ်များမှ စပြီး ဆွစ်ဇာလန်နိုင်ငံ၌ မြီးတံတိုကြောင်များကို ပြန်လည်ထိန်းသိမ်း စောင့်ရှောက်ခဲ့သည်။

ပြောကြား

ယခုအခါ ဆွစ်ဇာလန်နိုင်ငံ အနောက်မြောက်ပိုင်း အယ်လ်ပတ်တောင်တန်း၌ မြီးတံတိုကြောင် အကောင်၁၀၀ခန့် ရှိနေသေးကြောင်း ကမ္ဘာ့တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့က လှူဒါန်းပူဇော်ကောင်းမှုပြုထားသော မဟာဗောဓိပင်နှင့် ရွှေပလ္လင်ရှေ့ရှိ ဗုဒ္ဓရုပ်ပွားကြေးဆင်းတုတော်မြတ်အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ အရုဏ်ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာများဖြင့် ဆက်ကပ်လှူဒါန်း ရှိခိုးပူဇော်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မဟာဗောဓိစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရွှေကြာသင်္ကန်းနှင့် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်း

နေပြည်တော် ဧပြီ ၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်းတို့သည် ဧပြီ ၆ရက် နံနက်ပိုင်းတွင် ဗုဒ္ဓမြတ်စွာပွင့်တော်မူရာ မဟာဗောဓိအောင်မြေဖြစ်သည့် မဟာဗောဓိစေတီတော်၌ ကိန်းဝပ်စံပယ်တော်မူသည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်အား ရွှေကြာသင်္ကန်းတော်နှင့် အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းပြီး သတ္တသတ္တာဟ ခုနစ်ဌာနတို့ကို လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ရွှေကြာသင်္ကန်းတော်ဆက်ကပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့သည် နံနက် ၅ နာရီတွင် ဗုဒ္ဓဂယာမဟာအောင်မြေရှိ မဟာဗောဓိစေတီတော်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ဂန္ဓကုဋိတိုက်အတွင်း ကိန်းဝပ်စံပယ်တော်မူသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ အရုဏ်ဆွမ်း၊ သစ်သီး၊ ပန်း၊ ဆီမီး၊ ရေချမ်းနှင့် အမွှေးနံ့သာတို့ဖြင့် ဆက်ကပ်ပူဇော်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး အမှူးပြုသည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဘုရားဂုဏ်တော်များ နှလုံးသွင်းပွားများ၍ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မဟာဗောဓိစေတီတော်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အလှူတော်ငွေများကို ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက စေတီတော်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ သာသနာရေးဆိုင်ရာ တာဝန်ခံဆရာတော် ဘဒ္ဒန္တဆာရိန္ဒရထံ ပေးအပ်လှူဒါန်းရာ ဆရာတော်က ဓမ္မလက်ဆောင်အဖြစ် မဟာဗောဓိစေတီတော်ပုံတူကို ပြန်လည်ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က လှူဒါန်းပူဇော်ကောင်းမှုပြုထားသော မဟာဗောဓိပင်နှင့် ရွှေပလ္လင်ရှေ့ရှိ ဗုဒ္ဓရုပ်ပွားကြေးဆင်းတုတော်မြတ်အား အရုဏ်ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာများဖြင့် ဆက်ကပ်လှူဒါန်း ရှိခိုးပူဇော်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော် ပရိဝုဏ်အတွင်းရှိ သတ္တသတ္တာဟ ခုနစ်ဌာနအနက် ပလ္လင်္ကသတ္တာဟဖြစ်သည့် ဗောဓိပင်နှင့်ပလ္လင်တော်ကို ရှေးဦးစွာ ဖူးမြော်ကြည်ညိုကြသည်။



ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော် ပရိဝုဏ်အတွင်းရှိ မုစ္စလိန္ဒာအိုင်ကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များ ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော် ပရိဝုဏ်အတွင်းရှိ ရတနာစင်္ကြံတော်ကို ကြည်ညိုကြစဉ်။ (သတင်းစဉ်)

ဖူးမြော်ကြည်ညို

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စင်္ကမသတ္တာဟဖြစ်သည့် ရတနာစင်္ကြံတော်ကို ကြည်ညိုကြပြီး မဟာဗောဓိစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ထပ်မံဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ရာဇာယတန သတ္တာဟ လင်းလွန်းပင်နေရာအား ကြည်ညို၍ မြန်မာနိုင်ငံမှ ကုသိုလ်ပြုစိုက်ပျိုးထားသည့် လင်းလွန်းပင်၏ ရှင်သန်ဖြစ်ထွန်းမှုနှင့် ထိန်းသိမ်းစောင့်ရှောက်ထားမှုတို့ကို ကြည့်ရှုသည်။

ယင်းနောက် အာသောကမင်း၏ ကျောက်စာတိုင်ကိုလည်းကောင်း၊ မုစ္စလိန္ဒ သတ္တာဟဖြစ်သည့် မုစ္စလိန္ဒာအိုင်ကိုလည်းကောင်း ကြည်ညို၍ အိုင်အတွင်းရှိ ငါးများအား အစာကျွေးမွေးဒါနပြုကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့ဝင်များသည် ဗုဒ္ဓဂယာအတွင်း ဘုရားဖူးလာပြည်သူများ ချမ်းမြေ့စွာ တရားဘာဝနာ ပွားများအားထုတ်နိုင်ရန် ပန်းဥယျာဉ် တည်ဆောက်ထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အနိမိသ သတ္တာဟ ပဌာန်းဒေသနာတော်မြတ် သုံးသပ်တော်မူသည့် ရတနာဃရ သတ္တာဟနှင့် ဆိတ်ကျောင်း ညောင်ပင်နေရာတို့ကို လှည့်လည်ဖူးမြော် ကြည်ညိုကြရာ ဗုဒ္ဓဂယာမဟာအောင်မြေကျောင်းမှ ဘဒ္ဒန္တနာဂဝံသက လိုက်လံရှင်းလင်းပြသတော်မူသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့များသည် မဟာဗောဓိကျောင်းတော်ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကြသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ဆက်လက်၍ အိန္ဒိယသမ္မတနိုင်ငံ၌ ရောက်ရှိသီတင်းသုံးလျက်ရှိသော မြန်မာသံဃာတော် အရှင်သူမြတ်တို့အား ပရိက္ခရာရှစ်ပါးဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်း၊ ကွမ်းဝေယျာဝစ္စကိစ္စများအတွက် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို နံနက် ၉ နာရီခွဲတွင် ဂယာမြို့ရှိ မြန်မာဗုဒ္ဓဘာသာကျောင်း၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညို၍ ဆရာတော်၊ သံဃာတော်များအား ပရိက္ခရာရှစ်ပါး အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါအခမ်းအနားသို့ မြန်မာကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒအမှူးပြုတော်မူသည့် ကုသိနာရုံ၊ ဗာရာဏသီ၊နာလန္ဒာ၊ သာဝတ္ထိ၊ ပတ္တနား၊ မဟာဗောဓိ၊ ကမ္ဘောဇနှင့် မဟာအောင်မြေကျောင်းတိုက်တို့မှ ဆရာတော်၊ သံဃာတော် ၂၁ ပါး ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်

စာမျက်နှာ ၁၀ ကော်လံ ၁

ရည်မှန်းချက်တာဝန်(၉)ရပ်ဖြင့် ရှေ့သို့ချီတက်နေသော အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နိုင်ငံတော် ဓာတ်အားပေးစနစ်(

(ယမန်နေ့က အဆက်)

နိုင်ငံတော်အစိုးရ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် လုံ့လဝီရိယနှင့် ဖွဲ့သတ္တိတို့ကို အခြေခံ၍ စွယ်တော်ရွက်ပမာ ဆက်စပ်နေသည့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဟန်ချက်ညီပူးပေါင်းပြီး ပြည်သူတို့အတွက် လျှပ်စစ်ဓာတ်အားရရှိရေးကို နေ့မအား ညမနား ၂၄နာရီပတ်လုံး တာဝန်ထမ်းဆောင်နေသော ဌာနကြီးဖြစ်ပေသည်။

နိုင်ငံတော်တွင် အဓိကလျှပ်စစ်ဓာတ်အားထုတ်လုပ်နေသည့် ရေအားလျှပ်စစ်စက်ရုံများသည် တောတောင်နှင့် မြစ်ချောင်းများအတွင်း၌ဖြစ်၍ ပြည်သူများနေထိုင်သည့် မြို့ရွာများအရောက် ဓာတ်အားပို့ဆောင်နိုင်ရန်အတွက် တောတောင်အထပ်ထပ်ကို ကျော်ဖြတ်ပြီး မဟာဓာတ်အားလိုင်းကြီးများနှင့် ဓာတ်အားတိုင်များ၊ ဓာတ်အားခွဲစက်ရုံ တည်ဆောက်သွယ်တန်းကြရသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် လုပ်သားကြီးများသည် တောတောင်ကန္တာရကြီးများအတွင်း၌ အသက်ကို ပဓာနမထားဘဲ လုပ်ကိုင်ဆောင်ရွက်ကြရသလို ဓာတ်ကြိုးနှင့် တိုင်ဆင်ပစ္စည်းများမှာလည်း ပြည်ပမှ နိုင်ငံခြားငွေ အမြောက်အမြား အကုန်အကျခံ၍ ဝယ်ယူရသောပစ္စည်းများဖြစ်သည်။

သို့သော် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုကို ခံယူလျက် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်တည်ဆောက်ရေးတွင် အရေးပါသော လျှပ်စစ်စွမ်းအားကဏ္ဍဖြင့် ဖြည့်စွမ်းပေးရန် အစဉ်ကြိုးပမ်းလျက်ရှိသည်ကို အောက်ဖော်ပြပါ ဓာတ်အားခွဲရုံကြီးများနှင့် မဟာဓာတ်အားလိုင်းကြီးများ၊ တည်ဆောက်သွယ်တန်းထားရှိပြီးသည့် စာရင်းဇယားများက သက်သေပြလျက်ရှိပေသည်။

တည်ဆောက်ပြီးစီးခဲ့သော မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံများ၏ စာရင်းကို ဆက်လက် ပြုစုဖော်ပြအပ်ပါသည်။

(ဃ) ၁၉၈၈ ခုနှစ် နောက်ပိုင်းမှ ၂၀၀၈ခုနှစ် မတ်လအထိ တည်ဆောက်ပြီးစီးခဲ့သော (၂၃၀)ကေဗွီ ပင်မ ဓာတ်အားခွဲရုံ (၁၃)ရုံ

စဉ်	ခွဲရုံအမည်	ဗို့အား(ကီလိုဗို့)	အမ်ဗွီအေ	ပြီးစီးသည့်နှစ်
၁	သာစည်(တိုးချဲ့)	၂၃၀/၁၃၂/၁၁	၆၀	၁၉၈၉
၂	လှော်ကား	၂၃၀/၃၃/၁၁	၆၀	၁၉၉၂
	(တိုးချဲ့)	၂၃၀/၆၆/၁၁	၆၀	၂၀၀၅
၃	ကမာနတ်	၂၃၀/၃၃/၁၁	၆၀	၁၉၉၅
၄	သထုံ(တိုးချဲ့)	၂၃၀/၆၆/၁၁	၁၀၀	၂၀၀၄
၅	ပေါင်းလောင်း	၂၃၀/၁၁	၃၆၀	၂၀၀၅
၆	မြောင်းတကာ	၂၃၀/၃၃/၁၁	၆၀	၂၀၀၅
၇	သာကေတ(တိုးချဲ့)	၂၃၀/၆၆/၁၁	၁၀၀	၂၀၀၆
၈	နေပြည်တော်ပျဉ်းမနား	၂၃၀/၃၃/၁၁	၁၀၀	၂၀၀၆
	(တိုးချဲ့)	၂၃၀/၃၃/၁၁	၆၀	၂၀၀၇
၉	လှိုင်သာယာ	၂၃၀/၃၃/၁၁	၁၀၀	၂၀၀၆
၁၀	ဘုရင့်နောင်	၂၃၀/၆၆/၁၁	၁၀၀	၂၀၀၆
၁၁	သာယာကုန်း *	၂၃၀/၃၃/၁၁	၃၀	၂၀၀၇
၁၂	အသုတ်	၂၃၀/၆၆/၁၁	၁၀၀	၂၀၀၇
၁၃	သဲဖြူ	၂၃၀/၃၃/၁၁	၁၀၀	၂၀၀၇
		စုစုပေါင်း	၁,၄၅၀	

မြန်မာပြည်အနှံ့ ဖြန့်ကြက်သွယ်တန်းထားသော မဟာဓာတ်အားလိုင်းများအနက်မှ အချို့ကို ဤသို့ တွေ့ရသည်။

(င) ၁၉၈၈ ခုနှစ် နောက်ပိုင်းမှ ၂၀၀၈ခုနှစ် မတ်လအထိ တည်ဆောက်ပြီးစီးခဲ့သော (၁၃၂)ကေဗွီ ပင်မ ဓာတ်အားခွဲရုံ (၁၉)ရုံ

စဉ်	ခွဲရုံအမည်	ဗို့အား(ကီလိုဗို့)	အမ်ဗွီအေ	ပြီးစီးသည့်နှစ်
၁	ဆည်တော်ကြီး	၁၃၂/၁၁	၃၀.၆	၁၉၈၉
၂	ကျောက်ပုထိုး	၁၃၂/၃၃/၆.၆	၁၅	၁၉၉၀
		၁၃၂/၆၆	၆	၁၉၉၉
၃	ဘီလူးချောင်း(၁)	၁၃၂/၁၁	၃၀	၁၉၉၂
၄	မန္တလေး	၁၃၂/၃၃/၁၁	၃၀	၁၉၉၄
		၁၃၂/၃၃	၈၀	၁၉၉၆
		၁၃၂/၁၁	၁၈	၂၀၀၅
၅	အောင်ပင်လယ်	၁၃၂/၁၁	၁၈	၁၉၉၅
		၁၃၂/၃၃/၁၁	၁၅	၂၀၀၂
၆	ကလော(တိုးချဲ့)	၁၃၂/၆၆/၁၁	၈၀	၁၉၉၆
၇	လက်ပံလှ	၁၃၂/၃၃/၁၁	၁၈	၁၉၉၇
၈	မုံရွာ	၁၃၂/၃၃	၁၅	၂၀၀၁
		၁၃၂/၆၆/၁၁	၄၅	၂၀၀၅
၉	ငှက်ပျောတိုင်း	၁၃၂/၃၃/၁၁	၃၀	၂၀၀၂
၁၀	တောင်တွင်းကြီး(တိုးချဲ့)	၁၃၂/၆၆/၁၁	၆၀	၂၀၀၂
၁၁	မန်း(တိုးချဲ့)	၁၃၂/၆၆/၁၁	၄၀	၂၀၀၃
၁၂	အင်းကုန်း	၁၃၂/၃၃/၁၁	၆၀	၂၀၀၃
၁၃	မုန်း	၁၃၂/၁၁	၁၀၂.၅	၂၀၀၄
၁၄	ပြင်ဦးလွင်(တိုးချဲ့)	၁၃၂/၃၃/၁၁	၆၀	၂၀၀၅
၁၅	ယင်းမာပင် * *	၁၃၂/၃၃	၁၅	၂၀၀၆
၁၆	မန္တလေး(စက်မှုဇုန်) * *	၁၃၂/၃၃	၁၅	၂၀၀၆
၁၇	ကျောက်ချော	၁၃၂/၁၁	၃၁.၅	၂၀၀၆
၁၈	မြင်းခြံ(တိုးချဲ့)	၁၃၂/၆၆/၁၁	၉၀	၂၀၀၇
၁၉	ရတနာပုံ	၁၃၂/၃၃/၁၁	၁၈	၂၀၀၇
		စုစုပေါင်း	၉၂၂.၆	

* * ယင်းမာပင်နှင့် မန္တလေး(စက်မှုဇုန်) ထရန်စဖော်မာများမှာ ယခင်တပ်ဆင်ပြီး ထရန်စဖော်မာများကို နေရာရွှေ့ပြောင်း တပ်ဆင်ခဲ့ခြင်းဖြစ်ပါသည်။

(စ) ၁၉၈၈ခုနှစ် နောက်ပိုင်းမှ ၂၀၀၈ခုနှစ် မတ်လအထိ တည်ဆောက်ပြီးစီးခဲ့သော (၆၆)ကေဗွီ ဓာတ်အားခွဲရုံ (၆၅)ရုံ

စဉ်	ခွဲရုံအမည်	ဗို့အား(ကီလိုဗို့)	အမ်ဗွီအေ	ပြီးစီးသည့်နှစ်
၁	ဒုရင်ဗိုလ်	၆၆/၁၁	၄.၅	၁၉၈၉
၂	ရွှေတောင်ချည်စက်	၆၆/၁၁	၁၀	၁၉၈၉
၃	သာကေတ(တိုးချဲ့)	၆၆/၁၁	၁၃၇	၁၉၉၀
၄	သီတာ	၆၆/၃၃	၆၀	၁၉၉၁
		၆၆-၃၃/၆.၆	၅	၂၀၀၅
၅	စိန်ပန်းမြိုင်	၆၆/၃၃	၆၀	၁၉၉၁
၆	ရေကြည်	၆၆/၃၃	၁၀	၁၉၉၁
		၆၆/၁၁	၅	၂၀၀၀
၇	အလုံ	၆၆/၃၃/၁၁	၆၀	၁၉၉၁
		၆၆/၁၁	၇၀	၁၉၉၅
၈	ဇော်ဂျီ(၁)	၆၆/၁၁	၂၅	၁၉၉၅
၉	ပခုက္ကူ(၂)	၆၆/၃၃	၅	၁၉၉၅
၁၀	ပုဂံ	၆၆/၁၁	၅	၁၉၉၆
၁၁	ကျောက်ပန်းတောင်း	၆၆-၃၃/၁၁	၅	၁၉၉၇
၁၂	ရွှေကူ	၆၆/၁၁	၁	၁၉၉၇
၁၃	ပခန်းကြီး	၆၆/၁၁	၅	၁၉၉၇
၁၄	မော်လမြိုင်	၆၆/၁၁	၂၄	၁၉၉၇
၁၅	ဒဂုံ(အရှေ့)	၆၆/၃၃	၃၀	၁၉၉၇
၁၆	ပြည်(တိုးချဲ့)	၆၆/၃၃	၁၀	၁၉၉၈
၁၇	ဇော်ဂျီ(၂)	၆၆/၁၁	၂၅	၁၉၉၈
၁၈	ဗန်းမော်	၆၆/၁၁	၅	၁၉၉၈
၁၉	အောင်လံ	၆၆/၁၁	၅	၁၉၉၈
၂၀	ဘုရားကုန်း(သန်လျင်)	၆၆/၁၁	၃၀	၁၉၉၈

စဉ်	ခွဲရုံအမည်
၂၁	ညောင်ခြေထောက်(၂)
၂၂	ကမြိုင်(ကပစ ၅)
၂၃	ဆင်မလိုက်
၂၄	သရက်(ကပစ ၁၂)
၂၅	ဒဂုံမြောက်(ဘောလီ)
၂၆	ဇောင်းတူ
၂၇	မြင်းခြံ
၂၈	ကျောက်စွယ်ကျိုး
၂၉	ကမာနတ်(တိုးချဲ့)
၃၀	မြိုင်ကလေး
၃၁	ဘားအံ
၃၂	တညောင်
၃၃	သထုံ(တိုးချဲ့)
၃၄	ဆင်ပေါင်ဝဲ(ကပစ ၈)
၃၅	ဆီမီးခုံ
၃၆	ဥမင်ကိုးပေါက်
၃၇	ပျဉ်းပင်လှ
၃၈	ကျိုက္ကဆံ
၃၉	ပုပ္ပား(ပိုဗိုလန်)
၄၀	ဟသ်ာတ(တိုးချဲ့)
၄၁	ရွာမ
၄၂	ပုသိမ်(၁)
၄၃	မလွန်(ကပစ ၁၀)
၄၄	ငဖဲ(ကပစ ၁၄)
၄၅	ရွှေပန်းတော(ကပစ ၁၅)
၄၆	ကုလားမ(ကပစ ၁၈)
၄၇	အောင်သပြေ(သံမဏိ)
၄၈	ဒဂုံ(တောင်)
၄၉	အင်တော
၅၀	အင်္ဂပူ
၅၁	ပုသိမ်(၂)
၅၂	မသုန် (ကပစ ၁၆)
၅၃	တောင်တွင်းကြီး(တိုးချဲ့)
၅၄	ဒေါနန်းမြဟန်(ဒဂုံအရှေ့)
၅၅	ပရိမ္မ
၅၆	ရေဘုတလင်(၁)
၅၇	ရေဘုတလင်(၂)
၅၈	ကျောက်ကူး
၅၉	ကျောဇီ
၆၀	လောကနန္ဒာ
၆၁	ငါ့သရောက်
၆၂	ပြည် (စက်မှုဇုန်)
၆၃	ဝါယာသာစည်
၆၄	စွန်ဆည်(ကပစ ၁၇)
၆၅	ပေါက်ခေါင်း(ကပစ ၁၉)
	စုစုပေါင်း

၂၀၀၈ခုနှစ် မတ်လအထိတည်ဆောက်ပြီ
အကျဉ်းချုပ်စာရင်း စုစုပေါင်းကို အောက်ပါ

၂၀၀၈ခုနှစ် မတ်လအထိ ဓာတ်အား

ဗို့အား	လိုင်းအရေအတွက် (လိုင်း)	လိုင်း(
၂၃၀ ကေဗွီ	၁၈	၉
၁၃၂ ကေဗွီ	၂၄	၁,၁
၆၆ ကေဗွီ	၈၄	၁,၄
စုစုပေါင်း	**၁၂၆**	**၃,၅**

နေသော
တ်အားပေးစနစ်(၄)

သတင်းဆောင်းပါး-ခရမ်းစိုးမြင့်

ဓာတ်ပုံ

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

စဉ်	ခွဲရုံအမည်	ဗို့အား(ကီလိုဗို့)	အမ်ဗွီအေ	ပြီးစီးသည့်နှစ်
၂၁	ညောင်ခြေထောက်(၂)	၆၆/၆.၆	၂၅	၁၉၉၉
၂၂	ကမြိုင်(ကပစ ၅)	၆၆/၁၁	၇.၅	၁၉၉၉
၂၃	ဆင်မလိုက်	၆၆/၃၃	၃၀	၁၉၉၉
		၆၆/၃၃	၃၀	၂၀၀၂
၂၄	သရက်(ကပစ ၁၂)	၆၆/၁၁	၁၅	၁၉၉၉
၂၅	ဒဂုံမြောက်(ဘေလီ)	၆၆/၁၁	၁၀	၁၉၉၉
၂၆	ဖောင်းတူ	၆၆/၁၁	၂၅	၂၀၀၀
၂၇	မြင်းခြံ	၆၆/၃၃/၁၁	၂၀	၂၀၀၀
၂၈	ကျောက်စွယ်ကျိုး	၆၆/၁၁	၃၀	၂၀၀၀
၂၉	ကမာနတ်(တိုးချဲ့)	၆၆/၃၃	၂၅	၂၀၀၀
၃၀	မြိုင်ကလေး	၆၆/၆.၆	၃၅	၂၀၀၀
၃၁	ဘားအံ	၆၆/၁၁	၅	၂၀၀၂
		၆၆/၁၁/၃.၃	၅	၂၀၀၇
၃၂	တညောင်	၆၆/၁၁	၇.၅	၂၀၀၂
၃၃	သထုံ(တိုးချဲ့)	၆၆/၆.၆	၁၀	၂၀၀၂
၃၄	ဆင်ပေါင်ဝဲ(ကပစ ၈)	၆၆/၁၁	၇.၅	၂၀၀၂
၃၅	ဆီမီးခုံ	၆၆/၁၁	၅	၂၀၀၂
၃၆	ဥမင်ကိုးပေါက်	၆၆/၁၁	၅	၂၀၀၂
၃၇	ပျဉ်းပင်လှ	၆၆/၁၁	၁	၂၀၀၃
၃၈	ကျိုက္ကဆံ	၆၆/၁၁	၃၀	၂၀၀၄
၃၉	ပုပ္ပား(ပိုဗိုလန်)	၆၆/၁၁	၁၀	၂၀၀၄
၄၀	ဟသ်ာတ(တိုးချဲ့)	၆၆/၁၁	၅	၂၀၀၄
၄၁	ရွာမ	၆၆/၃၃	၆၀	၂၀၀၅
၄၂	ပုသိမ်(၁)	၆၆/၁၁	၁၀	၂၀၀၅
၄၃	မလွန်(ကပစ ၁၀)	၆၆/၆.၆	၂၀	၂၀၀၅
၄၄	ငဖဲ(ကပစ ၁၄)	၆၆/၆.၆	၂၀	၂၀၀၅
၄၅	ရွှေပန်းတော(ကပစ ၁၅)	၆၆/၁၁	၇.၅	၂၀၀၅
၄၆	ကုလားမ(ကပစ ၁၈)	၆၆/၁၁	၇.၅	၂၀၀၅
၄၇	အောင်သပြေ(သံမဏိ)	၆၆/၁၁	၅	၂၀၀၅
၄၈	ဒဂုံ(တောင်)	၆၆/၁၁	၃၀	၂၀၀၅
၄၉	အင်တော	၆၆/၁၁	၆.၃	၂၀၀၅
၅၀	အဂ်ပူ	၆၆/၁၁	၃	၂၀၀၅
၅၁	ပုသိမ်(၂)	၆၆/၁၁	၁၀	၂၀၀၆
၅၂	မသုန် (ကပစ ၁၆)	၆၆/၁၁	၁၅	၂၀၀၆
၅၃	တောင်တွင်းကြီး(တိုးချဲ့)	၆၆-၃၃/၁၁	၅	၂၀၀၆
၅၄	ဒေါ်နန်းမြဟန်(ဒဂုံအရှေ့)	၆၆/၆.၆	၁၀	၂၀၀၆
၅၅	ပရိမ္မ	၆၆/၁၁	၅	၂၀၀၆
၅၆	ရေဘုတလင်(၁)	၆၆/၃.၃	၂၀	၂၀၀၆
၅၇	ရေဘုတလင်(၂)	၆၆/၃.၃	၂၀	၂၀၀၆
၅၈	ကျောက်ကူး	၆၆/၁၁	၇.၅	၂၀၀၇
၅၉	ကျောဇီ	၆၆/၁၁/၆.၃၅	၇.၅	၂၀၀၇
၆၀	လောကနန္ဒာ	၆၆/၁၁	၁၅	၂၀၀၇
၆၁	ငါ့သရောက်	၆၆/၁၁/၆.၆	၂၀	၂၀၀၇
၆၂	ပြည် (စက်မှုဇုန်)	၆၆/၁၁	၅	၂၀၀၇
၆၃	ဝါယာသာစည်	၆၆/၁၁	၇.၅	၂၀၀၇
၆၄	စွန်ဆည်(ကပစ ၁၇)	၆၆/၁၁	၁၅	၂၀၀၈
၆၅	ပေါက်ခေါင်း(ကပစ ၁၉)	၆၆/၁၁	၁၅	၂၀၀၈
		စုစုပေါင်း	၁,၂၈၆.၈	
		စုစုပေါင်း (ဃ)+(င)+(စ)	၃,၆၅၉.၄	

၂၀၀၈ခုနှစ် မတ်လအထိတည်ဆောက်ပြီး မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံများအားလုံး၏ အကျဉ်းချုပ်စာရင်း စုစုပေါင်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

၂၀၀၈ခုနှစ် မတ်လအထိ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ၏ အကျဉ်းချုပ်စာရင်း

ဗို့အား	လိုင်းအရေအတွက် (လိုင်း)	လိုင်းအရှည် (မိုင်)	ပင်မဓာတ်အားခွဲရုံ (ရုံ)	စုစုပေါင်းတပ်ဆင်အင်အား (အမ်ဗွီအေ)
၂၃၀ ကေဗွီ	၁၈	၉၁၆.၇၅	၁၇	၂,၁၅၀.၀
၁၃၂ ကေဗွီ	၂၄	၁,၁၇၀.၀၆	၂၃	၁,၄၁၁.၆
၆၆ ကေဗွီ	၈၄	၁,၄၂၆.၄၀	၇၃	၁,၆၆၈.၈
စုစုပေါင်း	၁၂၆	၃,၅၁၃.၂၁	၁၁၃	၅,၂၃၀.၄

ရွှေလီ-မန်စံ-ရွှေစာရံ ၂၃၀ ကေဗွီဓာတ်အားလိုင်း ကြိုးဆွဲလုပ်ငန်းကို ဤသို့ သက်စွန့်ဆံဖျား ဆောင်ရွက်ရသည်။

ဓာတ်အားဖြန့်ဖြူးပေးထားနိုင်မှု အခြေအနေ

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ပြည်နယ်နှင့် တိုင်းများအတွင်းရှိ မြို့များ၊ ရွာများအနှံ့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ပင်မ ဓာတ်အားခွဲရုံကြီးများမှ တစ်ဆင့် သက်ဆိုင်ရာ မြို့၊ ရွာများအရောက် ၃၃ကေဗွီ၊ ၁၁ကေဗွီ၊ ၆.၆ကေဗွီဓာတ်အားလိုင်းများ တည်ဆောက်၍ ရပ်ကွက်များအတွင်း ၄၀၀ဗို့ ဓာတ်အားလိုင်းများတည်ဆောက်ပြီး ဓာတ်အားဖြန့်ဖြူးပေးရပါသည်။

၂၀၀၆ခုနှစ် ဒီဇင်ဘာလအထိ ပြည်နယ်နှင့်တိုင်းများတွင် ၃၃ကေဗွီ ဓာတ်အားလိုင်း (၂,၅၇၃.၄) မိုင်၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း (၅,၆၃၂.၇) မိုင်၊ ၆.၆ ကေဗွီ ဓာတ်အားလိုင်း(၈၀၄.၈)မိုင်နှင့် ၄၀၀ဗို့ ဓာတ်အားလိုင်း (၈,၃၄၃.၂)မိုင်တို့ဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါသည်။

ထို့အပြင် ပြည်နယ်နှင့်တိုင်းများတွင် မြို့၊ ရွာများအနှံ့ ဓာတ်အားဖြန့်ဖြူးရေး ထရန်စဖော်မာငယ်များ တပ်ဆင်တည်ဆောက်ထားရာ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလအထိ ၃၃ကေဗွီ ထရန်စဖော်မာ(၅၆၁)လုံး၏ တပ်ဆင်အင်အား (၂,၃၅၃) အမ်ဗွီအေ၊ ၁၁ကေဗွီ ထရန်စဖော်မာ (၉,၇၈၉)လုံး၏ တပ်ဆင်အင်အား(၂,၅၄၁)အမ်ဗွီအေနှင့် ၆.၆ကေဗွီ ထရန်စဖော်မာ(၃,၇၀၄)လုံး၏ တပ်ဆင်အင်အား(၁,၄၃၄)အမ်ဗွီအေ တို့ဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါသည်။

ဓာတ်အားပေးစက်ရုံကြီးများ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခဲ့သည့်တိုင် သုံးစွဲမှုပမာဏ တိုးတက်လာခြင်းက ပို၍ မြန်ဆန်များပြားခြင်းကြောင့် လတ်တလောကာလ၌ ဓာတ်အား မလုံလောက်မှုအခြေအနေကို မိုးရာသီကျော်လွန်ပြီးနောက် ရေအားလျှပ်စစ်စက်ရုံများ၏ ဓာတ်အားထုတ်လုပ်နိုင်မှု ကျဆင်းလာသည့်ကာလတွင် တွေ့ကြုံနေရပါသည်။

ပြည်သူလူထုနှင့် ပုဂ္ဂလိကစက်ရုံ အလုပ်ရုံများ၊ နိုင်ငံပိုင်ကုန်ထုတ်လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများမှ တိုးတက် လိုအပ်လာမည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပြည့်မီအောင် ထုတ်လုပ်ပေးနိုင်ရန်အတွက် အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့က ရေအားလျှပ်စစ်စီမံကိန်းများကို နေ့မအား ညမနား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ ထိုစီမံကိန်းကြီးများ ပြီးစီးပါက ထွက်ရှိလာမည့် ဓာတ်အားကို ဓာတ်အား သုံးစွဲသူများထံအရောက် ဖြန့်ဖြူးနိုင်ရန်အတွက် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဓာတ်အားပို့လွှတ်ရေး စီမံကိန်းများကို ဆက်လက်ပြုစု တင်ပြသွားပါမည်။ ။

ကျိုက္ကမီမြို့ ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး ဂန္ဓကုဋိတိုက် ခြေတော်ရင်းရှိ ယခင်အလှူရှင် ဦးခွန်ဆန္ဒ ဆောက်လုပ်လှူဒါန်းထားသော အဆောင်ကြီးမှာ ပျက်စီးယိုယွင်းနေ၍ အသစ်ပြန်လည် ဆောက်လုပ်ရာတွင် ကျိုက္ကမီမြို့ မြို့မရပ်ကွက် ဇီဇဝါလမ်းနေ ဦးထွန်းကြည်-ဒေါ်စောနှင့် သား၊ သမီး၊ မြေးမိသားစုတို့က ငွေကျပ် သိန်း ၂၀၀ ကို မတ် ၂၆ရက်တွင် ဘုရားကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံးသို့ လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ဆိုယုဇ်အာကာသဒုံးပျံယာဉ် အောင်မြင်စွာလွှတ်တင်

မော်စကို ဧပြီ ၈

ကာဇက်စတန်ရှိ ဘိုင်ကိုနော အာကာသယာဉ်လွှတ်တင်ရေး စခန်းမှနေ၍ ဆိုယုဇ်အာကာသဒုံးပျံယာဉ်ကို နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ ဧပြီ ၈ ရက် မော်စကိုစံတော်ချိန် ၁၅ နာရီ ၁၆ မိနစ်က အောင်မြင်စွာ လွှတ်တင်လိုက်သည်။

အဆိုပါ အာကာသယာဉ်၌ တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံး အမျိုးသမီး အာကာသယာဉ်မှူး မစ္စစ်ယီနှင့်အတူ ရုရှားအာကာသယာဉ်မှူးနှစ်ဦး လိုက်ပါသွားသည်။ ဆိုယုဇ် အာကာသဒုံးပျံယာဉ် (အပေါ်ပုံ) သည် နိုင်ငံတကာအာကာသယာဉ်စခန်းသို့ ၁၀ရက်ကြာ ခရီးစဉ်အဖြစ် သွားရောက်မည်ဖြစ်ပြီး သိပ္ပံဆိုင်ရာ သုတေသနပြုမှုများ ဆောင်ရွက်မည်ဖြစ်သည်။ မစ္စစ်ယီသည် နိုင်ငံတကာအာကာသယာဉ်စခန်းသို့ သွားရောက်သည့် အာရှအာကာသယာဉ်မှူးများတွင် ကိုးဦးမြောက် အာကာသယာဉ်မှူး ဖြစ်လာသည်။

တရုတ်၌ မုန်တိုင်းတိုက်ခတ် ရှစ်ဦးသေ၊ ၆၆ဦး ဒဏ်ရာရ

ပေကျင်း ဧပြီ ၈

တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ်၌ ဧပြီ၈ရက်က မုန်တိုင်းတိုက်ခတ်သွားခဲ့ကြောင်း၊ ယင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ရှစ်ဦးသေဆုံးပြီး ၆၆ဦး ဒဏ်ရာရရှိကာ ပြည်သူ ၃၅၀၀၀၀ခန့် မုန်တိုင်းဒဏ်ခံခဲ့ရကြောင်း ၎င်းတို့က ပြောကြားသည်။

ထိုသို့ မုန်တိုင်းတိုက်ခတ်မှုကြောင့် နေအိမ် ၁၀၈၅၀လုံး ပျက်စီးခဲ့ပြီး စိုက်ပျိုးမြေ ဟက်တာ ၂၂၆၆၆ ခန့်လည်း ပျက်စီးခဲ့သည်။ ထို့အပြင် ကောက်ပဲသီးနှံများလည်း ဆုံးရှုံးခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ် မန်ယူ၌ ဖာဒီနန်နှင့် ဗီဒစ်၊ ဘာစီလိုနာမှ မက်ဆီနှင့် ဒေကိုတို့ လွဲနိုင်

လန်ဒန် ဧပြီ ၈

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် မန်ယူနှင့် ရိုးမားတို့ (ယနေ့) ကစားမည့်ပွဲတွင် မန်ယူအသင်းမှ နောက်ခံလူ ဖာဒီနန်နှင့် ဗီဒစ်တို့ ဒဏ်ရာများ ရရှိနေ၍ ပါဝင်နိုင်ဖွယ်မရှိကြောင်း မန်ယူကလပ်က သတင်းထုတ်ပြန်လိုက်သည်။

ထို့အတူ ဘာစီလိုနာနှင့် ရှော်လ်ကေးတို့ ပွဲတွင်လည်း ဘာစီလိုနာမှ မက်ဆီနှင့် ဒေကိုတို့ ခြေထောက်ဒဏ်ရာများ ရရှိထား၍ ပါဝင်ကစားနိုင်ဖွယ်မရှိကြောင်း ဘာစီလိုနာကလပ်က သတင်းထုတ်ပြန်ထားသည်။

ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်ပရိဝုဏ်အတွင်းရှိ အနိမိသ သတ္တာဟကို ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

ရေစက်သွန်းချ အမျှပေးဝေ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ အိန္ဒိယသမ္မတနိုင်ငံ၌ ရောက်ရှိသီတင်းသုံးလျက်ရှိသော မြန်မာသံဃာတော် အရှင်သူမြတ်တို့အား ပရိက္ခရာ ရှစ်ပါး ဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်း၊ ကွမ်း ဝေယျာဝစ္စကိစ္စများအတွက် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။

(သတင်းစဉ်)

လှူဒါန်းပွဲ အခမ်းအနားကိုကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရက လှူဒါန်းသည့် အလှူတော်ငွေများကို အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ဗုဒ္ဓဂယာသာသနာ့နုဂ္ဂဟအသင်း စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့(အိန္ဒိယနိုင်ငံ)ဥက္ကဋ္ဌ မြန်မာသံအမတ်ကြီး ဦးကြည်သိန်းထံ ပေးအပ်သည်။

ဆက်လက်၍ မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ စုပေါင်းလှူဒါန်းငွေများကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက မြန်မာသံအမတ်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ၏ လှူဒါန်းငွေများကို မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က မြန်မာသံအမတ်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဆရာတော်သံဃာတော်များအား လိုအပ်သည်များကို ထပ်မံမေးမြန်း၍ ရင်းနှီးစွာလျှောက်ထားသည်။

ယင်းနောက် မြန်မာကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒက အနုမောဒနာတရားဟောကြားချီးမြှင့်တော်မူရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ပရိသတ်တို့က နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

စာမျက်နှာ ၇ မှ

ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသော အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများတက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

ငါးပါးသီလခံယူဆောက်တည်

ထို့နောက် မြန်မာကျောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးတို့ အမှူးပြုသည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်တို့ကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ဗုဒ္ဓဂယာအပါအဝင် အိန္ဒိယသမ္မတနိုင်ငံရှိဒေသအသီးသီး၌ သီတင်းသုံးလျက်ရှိတော်မူသော မြန်မာသံဃာတော်များ၊သီလရှင်များ၊ ထေရဝါဒဗုဒ္ဓဘာသာစာပေများကို လာရောက်ဆည်းပူးလေ့လာ သင်တန်းတက်ရောက်နေကြသည့် သံဃာတော်များ၏ ဆွမ်း၊ ကွမ်းဝေယျာဝစ္စ ကိစ္စများအတွက် ငွေပဒေသာပင် စိုက်ထူ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

မေးမြန်းလျှောက်ထား

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ပရိက္ခရာရှစ်ပါးကို ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့က ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒထံ ဆက်ကပ်လှူဒါန်း၍ ဆရာတော်အား ရင်းနှီးရိုသေစွာ လိုအပ်သည်များကို မေးမြန်းလျှောက်ထားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းနှင့်မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များက ဆရာတော်၊ သံဃာတော်များအား ပရိက္ခရာရှစ်ပါးတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ငွေပဒေသာပင်

ယင်းနောက် အိန္ဒိယသမ္မတနိုင်ငံ၌ သီတင်းသုံးလျက်ရှိတော်မူသော မြန်မာဆရာတော်၊ သံဃာတော်များ၏ ဆွမ်း၊ ကွမ်းဝေယျာဝစ္စကိစ္စများအတွက် ငွေပဒေသာပင်များ စိုက်ထူ

ပြန်လည်ရောက်ရှိ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အိန္ဒိယသမ္မတနိုင်ငံ ဂယာမြို့မှ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ပြန်လည်ထွက်ခွာရန် မွန်းလွဲ ၁နာရီတွင် ဂယာလေဆိပ်သို့ ရောက်ရှိကြရာ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးကြည်သိန်း ဦးဆောင်သော သံရုံးဝန်ထမ်းများ၊ ဒေသဆိုင်ရာတာဝန်ခံများက ပို့ဆောင်နှုတ်ဆက်ကြသည်။ ထို့နောက် မွန်းလွဲ ၁နာရီခွဲတွင် ဂယာလေဆိပ်မှ ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

● **ရှေ့ဖုံးမှ**

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကာနာတာကါပြည်နယ်သို့ ဆက်လက်ထွက်ခွာရန် ဂျမ်နာဂါးလေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ညနေ ၆နာရီတွင် မြန်မာချစ်ကြည်ရေးအဖွဲ့ဝင်များသည် ကာနာတာကါပြည်နယ် ဘန်ဂလောလေဆိပ်သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

✱ **ကျောဖုံးမှ**

လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာကြပြီး နည်းပညာရပ်ဆိုင်ရာများနှင့် စပ်လျဉ်း၍ သိရှိလိုသည်တို့ကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ကြိုဆိုနှုတ်ဆက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် အိန္ဒိယ အာကာသ သုတေသနဌာန(ISRO) အောက်ရှိ အိန္ဒိယ အာကာသဂြိုဟ်တု ဌာနချုပ် (Indian Space Satellite Centre)သို့ ရောက်ရှိကြရာ အာကာသလေ့လာရေးဌာန တွဲဖက်အတွင်းဝန် Shri Ranganath နှင့်တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာ ဂြိုဟ်တုအမျိုးမျိုး တပ်ဆင်မှု၊ လွှင့်တင်ထားမှု၊ ဂြိုဟ်တုဆက်သွယ်ရေးနှင့် တိုင်းတာရေးစနစ်၊ ဂြိုဟ်တုဖြင့် ဆောင်ရွက်ပေးလျက်ရှိသော ဝန်ဆောင်မှု လုပ်ငန်းများကို ရှင်းလင်းပြသကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အိန္ဒိယ အာကာသလေ့လာရေးဌာန တွဲဖက်အတွင်းဝန်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြပြီး အာကာသပြခန်းသို့ ဝင်ရောက် ကြည့်ရှုလေ့လာကြကာ ပြန်လည်ထွက်ခွာသွားကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဘန်ဂလောမြို့မှ ဇာရာဏသီမြို့သို့ သွားရောက်ရန် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ဘန်ဂလောလေဆိပ်သို့ ရောက်ရှိကြရာ သံတမန်ရေးရာ အတွင်းဝန် Syad Zamir နှင့် ဒေသဆိုင်ရာတာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၄-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**“နိဗ္ဗာန်ကိုသွား ဉာဏ် ငါးပါးတရားတော်”** [ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် (ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)]
၇း၅၀-၁း၅၀	INDUSTRIAL TALK ဒေါက်တာချို၀င်းမော်၊ ဦးတင်အောင်ရွှေ(သုတေသီ)
၈း၂၅-၂း၂၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၀-၂း၅၀	သစ်သီးဝလံပေါပြည့် ဝေဆာတို့မြေမှာ(နှင်းသီး)
၉း၁၅-၃း၁၅	ပြည်တွင်းသတင်း အကျဉ်း
၉း၂၅-၃း၂၅	ခါသင်္ကြန်အဆိုအက
၉း၃၅-၃း၃၅	သင်္ကြန်နှင့်သူတို့
၉း၄၅-၃း၄၅	နိုင်ငံတကာသတင်း အကျဉ်း
၉း၅၀-၃း၅၀	ခါသင်္ကြန်အဆိုအက
၉း၅၅-၃း၅၅	စွဲမက်အရသာ အနောက်တိုင်း အစားအစာမဟာဌာနီမှာ (Chicken Cordon Bleu & Lamb Chop)
၁၀း၁၀-၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅-၄း၁၅	ခါသင်္ကြန်အဆိုအက
၁၀း၂၀-၄း၂၀	Midweek Sports News
၁၀း၃၅-၄း၃၅	ပြည်တွင်းသတင်း အကျဉ်း
၁၀း၄၅-၄း၄၅	ခါသင်္ကြန်အဆိုအက
၁၀း၅၀-၄း၅၀	နားခိုစရာ တောင်လေ့ကားမြို့မှာ
၁၁း၀၅-၅း၀၅	နိုင်ငံတကာသတင်း အကျဉ်း
၁၁း၁၀-၅း၁၀	မန်းချောင်းတံတား
၁၁း၂၀-၅း၂၀	ခါသင်္ကြန်အဆိုအက
၁၁း၂၅-၅း၂၅	အပန်းဖြေမည် မြပုဏ္ဏမီ
၁၁း၅၅-၅း၅၅	ခါသင်္ကြန်အဆိုအက
၁၂း၀၀-၆း၀၀	ဖြိုးစေတနာ၏ အလင်းအလှူ
၁၂း၂၅-၆း၂၅	International Video Topics (ပန်ဒါဝက်ဝံကြီးများ)
၁း၀၀ -၇း၀၀	MRTV-4 အပိတ် Logo

MRTV-4အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

Champions League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၀၀	Man Utd-Roma	ESPN (Live)
၁း၀၀	Barcelona-Schalke	Star Sport(Live)

မြန်မာ့ရုပ်မြင်သံကြား

၉-၄-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။ နံနက်ခင်းသတင်း
၇း၄၀	၄။ တေးဂီတအစီအစဉ်
၇း၅၀	၅။ **အေးမြသောလေညင်းလေးများ** မေတ္တာ၊ ဇေယျာ၊ စိုးမိုးကြည်၊ ရူရူးမောင် (ဒါရိုက်တာ-အောင်မိုး-ပဲရစ်)
၈း၁၀	၆။ ခါသင်္ကြန်အဆိုအကများ
၈း၃၀	၇။ International News.
၈း၄၅	၈။ Let's Go
၉း၀၀	၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး စစ်သည်တေး
၄း၁၀	၂။ Practice in Reading
၄း၂၅	၃။ သီချင်းကြီးပဒေသာ
၄း၃၅	၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(စီးပွားရေးပညာ အထူးပြု) (စီးပွားရေးပညာ)
၄း၄၅	၅။ ခါသင်္ကြန်အဆိုအကများ
၅း၀၀	၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၅	၇။ တေးဂီတအစီအစဉ်
၅း၂၀	၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆း၀၀	၉။ ညနေခင်းသတင်း
၆း၃၀	၁၀။ မိုးလေဝသအခြေအနေ
၆း၃၅	၁၁။ Man & The Elephant (Part-1) Man & The Elephant (Part-2)
၇း၁၅	၁၂။ မြန်မာ့ဓလေ့ရိုးရာလက်ဇော့
၇း၃၀	၁၃။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇း၅၀	၁၄။ အခြေခံဥပဒေသစ်နှင့် ပြည်ထောင်စုစနစ်(အပိုင်း-၁)
၈း၀၀	၁၅။ ပြည်တွင်းသတင်း
	၁၆။ နိုင်ငံတကာသတင်းများ
	၁၇။ မိုးလေဝသအခြေအနေ
	၁၈။ ခါသင်္ကြန်အဆိုအကများ
	၁၉။ **သာယာရွှေပြည် တို့နေပြည်** ဖြိုးငွေစိုး၊ အောင်ရဲလင်း၊ ဇင်ဇင်ဇော်မြင့်၊ မော့စ်၊ ဗေလုဝ၊ ရှက်တယ် (ဒါရိုက်တာ-စင်ရော်မောင်မောင်)

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံအဆောက်အအုံတည်ဆောက်နေ အဘိဓမ္မာအခြေခံသင်တန်းများလည်း အခမဲ့တက်ရောက်နိုင်

တွေ့ဆုံမေးမြန်းသူ-မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု-ထိန်လင်း

ရန်ကုန် ဧပြီ ၈

ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားစေရေး ဆောင်ရွက်တဲ့အနေနဲ့ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံကို အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးက ၂၀၀၇ ခုနှစ် မေလ ၂၀ရက်မှာ စတင်ထူထောင်ခဲ့ပါတယ်။

အလှူခံဌာန

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ မဟာသိပ္ပံရဲ့ ရုံးချုပ်ကတော့ သီတဂူ သာသနာ့ဗိမာန် အမှတ် (၁၀) ပင်လုံလမ်းနဲ့ ပါရမီလမ်းထောင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရန်ကုန်မြို့ ဖြစ်ပြီး ရုံးခွဲ(၁)ကတော့ အမှတ် ၃၀ ကံ့ကော်မြိုင်လမ်း စုပေါင်း သုဝဏ္ဏ ရန်ကုန်ဖြစ်ပါတယ်။ ရုံးခွဲ(၂) ဖြစ်တဲ့ အလှူခံဌာနကတော့ သာစုကာရီဓမ္မာရုံ အမှတ် ၂၉၅-၂၉၇ ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှာ ထားရှိပါတယ်။

အဘိဓမ္မာ လေ့လာရေး အတွက် အခြေခံ ဖြစ်တဲ့ သင်္ဂြိုဟ်ကို သင်တန်းပေးမှာ ဖြစ် သလို အဘိဓမ္မာ ကျမ်းရင်းတွေလည်း သင်ကြားပေးသွားမှာပါ။

ဦးမြသန်း
အပြည်ပြည်ဆိုင်ရာ
အဘိဓမ္မာမဟာ
သိပ္ပံစီမံခန့်ခွဲရေး
ကော်မတီဥက္ကဋ္ဌ။

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ မဟာသိပ္ပံကနေပြီး အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ မဟာသိပ္ပံသင်တန်းဖွင့်လှစ်မယ့် အစီအစဉ်နဲ့ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ မဟာသိပ္ပံရဲ့ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြသန်း (သံအမတ်ကြီး အငြိမ်းစား) ကို မေးမြန်းတဲ့အခါ **"ဒီအပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ မဟာသိပ္ပံရဲ့ ဩဝါဒ စရိယ ဆရာတော်ကြီး သုံးပါးကတော့ နိုင်ငံတော် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ သီတဂူဆရာတော် ဒေါက်တာအရှင် ဉာဏိဿရ (D.Litt.,Ph.D)နဲ့ ဒေါက်တာ နန္ဒမာလာဘိဝံသတို့ဖြစ်ပြီး ဒီသိပ္ပံရဲ့ပါမောက္ခချုပ် ဆရာတော်ကတော့ ဒေါက်တာ နန္ဒမာလာဘိဝံသ ဖြစ်ပါတယ်။**

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ မဟာသိပ္ပံသင်တန်းကိုတော့ ရန်ကုန်မြို့ ကမ္ဘာအေးစေတီဝင်းအတွင်းမှာရှိတဲ့ သာသနာရေးဝန်ကြီးဌာန (သင်တန်းခန်းမ) (ယခင် သမဝါယမသင်တန်းကျောင်း)မှာ ဖွင့်လှစ်မှာ ဖြစ်ပါတယ်"လို့ ရှင်းပြပါတယ်။

ဒီသင်တန်းကို စတင်ဖွင့်လှစ်မယ့် အချိန်နဲ့ ပတ်သက်ပြီးလည်း ဦးမြသန်းက **"လာမယ့်အောက်တိုဘာလဆန်းမှာ စဖွင့်မယ့် သုံးလ သင်တန်းဖြစ်ပါတယ်။ အမျိုးသား၊ အမျိုးသမီး မရွေးတက်ရောက်နိုင်ပြီး အကန့်အသတ်မရှိ အခမဲ့တက်ရောက်သင်ယူနိုင်ကြပါတယ်။ သင်တန်းပို့ချမှုကတော့ အင်္ဂလိပ်လိုဖြစ်ပြီးနောက်သင်တန်းတွေမှာ ပြည်ပက သင်တန်းသားတွေလည်း ပါဝင်မှာဖြစ်ပါတယ်"** လို့ ဆက်ပြီး ရှင်းပြပါတယ်။ အဲဒီ သုံးလသင်တန်းတက်ပြီးရင်တော့ သင်တန်းအောင်လက်မှတ် ပေးသွားမှာဖြစ်တဲ့အကြောင်း သိရပါတယ်။

သင်တဲ့အခါမှာလည်း အဘိဓမ္မာ လေ့လာရေးအတွက် အခြေခံဖြစ်တဲ့ သင်္ဂြိုဟ်ကို သင်တန်းပေးသွားမှာ ဖြစ်သလို အဘိဓမ္မာကျမ်းရင်းတွေလည်း သင်ကြားပေးသွားမှာ ဖြစ်ကြောင်း၊ အဘိဓမ္မာနဲ့ လက်တွေ့ဘဝဆက်စပ်ပုံ၊ အဘိဓမ္မာကို လက်တွေ့ဘယ်လို အသုံးချမလဲဆိုတာနဲ့ ဘယ်လိုသုတေသနလုပ်မလဲ ဆိုတာတွေ၊ ပါဠိအခြေခံတွေ သင်ကြားပေးမှာ ဖြစ်ကြောင်းလည်း သိရပါတယ်။ ဒီသင်တန်းမှာ သင်တန်းသား အရေအတွက်အနေနဲ့ တစ်ကြိမ်ကို ၅၀၀ ကျော်လောက် သင်ကြားပေးနိုင်တယ်လို့ သိရပြီး သီတင်းတစ်ပတ်ကို စနေနဲ့ တနင်္ဂနွေ နှစ်ရက်မှာ နံနက်ပိုင်းနဲ့ ညနေပိုင်းတွေမှာ ခွဲခြားသင်ကြားပေးသွားမှာ ဖြစ်ကြောင်းလည်း ဦးမြသန်းက မြန်မာ့အလင်းကို ရှင်းပြပါတယ်။

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံအဆောက်အအုံပုံစံကို ဤသို့တွေ့ရသည်။

ကမ္ဘာတစ်ဝန်းကို ထေရဝါဒဗုဒ္ဓဘာသာ အဘိဓမ္မာ တရား ပြန့်ပွားစေရေးနဲ့ ထေရဝါဒဗုဒ္ဓဘာသာ ပြန့်ပွားထွန်းကားစေရေး၊ ရေရှည်တည်တံ့စေရေးဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ မဟာသိပ္ပံကိုတော့ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် အမှတ် ၃ လမ်းမကြီး ဘေးမှာ စတင်ဆောက်လုပ်နေပါပြီ ။

ကမ္ဘာတစ်ဝန်းကို ထေရဝါဒ ဗုဒ္ဓဘာသာ အဘိဓမ္မာတရား ပြန့်ပွားစေရေး၊ ထေရဝါဒ ဗုဒ္ဓဘာသာ ပြန့်ပွားထွန်းကားစေရေး၊ ရေရှည်တည်တံ့စေရေးဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ မဟာသိပ္ပံအဆောက်အအုံကိုတော့ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် အမှတ် ၃ လမ်းမကြီးဘေးမှာ တက်လမ်း ဆောက်လုပ်ရေးဥက္ကဋ္ဌ ဦးရှိန်ဝင်းက လှူဒါန်းထားတဲ့ မြေအကျယ်သုံးဧကကျော်ပေါ်မှာ စတင်ဆောက်လုပ်နေပြီ ဖြစ်ပါတယ်။

လှူဒါန်းနိုင်

ဒီအဆောက်အအုံကြီး ပြီးစီးသွားရင် အဘိဓမ္မာ မဟာသိပ္ပံလုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ မဟာသိပ္ပံ အဆောက်အအုံကြီးအတွက် တစ်ဦးတစ်ယောက်ကောင်း ဆောင်ရွက်လို့ မရတာကြောင့် ဓမ္မမိတ်ဆွေတွေ၊ အလှူရှင်တွေအနေနဲ့ တတ်နိုင်သလောက် လှူဒါန်းနိုင်ကြောင်း၊ လှူဒါန်းလိုသူတွေအနေနဲ့ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်းမှာရှိတဲ့ သာစုကာရီ ဓမ္မာရုံကို တနင်္ဂနွေနေ့မှအပ ကျန်နေ့တွေမှာ လာရောက်လှူဒါန်းနိုင်ကြောင်း ဖုန်း-၂၅၄၁၀၂သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ဒါနသတင်း ဖြန့်ဝေပေးလိုက်ပါတယ်။ ။

(မြန်မာ့အလင်း)

ပရိသတ်နှတ်ဖျား၌ ရေပန်းစားနေသော တောင်ကိုရီးယား အနုပညာရှင်များ

ဆိုးလ် ဧပြီ ၈

တောင်ကိုရီးယားရုပ်ရှင်သရုပ်ဆောင်တွေကို အာရှပရိသတ်တွေအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားက ပရိသတ်တွေလည်း နှစ်ခြိုက်အားပေးနေတာမို့ တောင်ကိုရီးယားနိုင်ငံက နာမည်ကြီး သရုပ်ဆောင်အချို့ရဲ့ လှုပ်ရှားမှုတွေကို ဖော်ပြလိုက်ရပါတယ်။



လူငယ်တွေမြေတောင်မြှောက်မည့်ဝမ်ဘင်

အာရှပရိသတ်တွေ နှစ်သက်အားပေးတဲ့ တောင်ကိုရီးယား သရုပ်ဆောင်တွေထဲမှာ ဝမ်ဘင်လည်း ပါဝင်ပါတယ်။ ဝမ်ဘင်ဟာ ၁၉၇၇ခုနှစ် စက်တင်ဘာ ၂၉ ရက်မှာ မွေးဖွားခဲ့ပြီး ယခုဆို အသက် ၃၁နှစ်ရှိပြီ ဖြစ်ပါတယ်။ တောင်ကိုရီးယားနိုင်ငံ ဘိုက်ချေ အနုပညာတက္ကသိုလ်က ဘွဲ့ရရှိခဲ့တဲ့ ဝမ်ဘင်ဟာ ၂၀၀၀ပြည့်နှစ်က ထုတ်လွှင့်ခဲ့တဲ့ "Autumn Fairy Tale"ရုပ်မြင်သံကြား ဇာတ်လမ်းတွဲနဲ့ အောင်မြင်မှုတွေ ရရှိခဲ့သူဖြစ်ပါတယ်။

သူဟာ တောင်ကိုရီးယားနိုင်ငံမှာတော့ ထူးခြားတဲ့ သရုပ်ဆောင်မှုတွေ ပိုင်ဆိုင်ထားသူအဖြစ် အားပေးကြတယ်လို့ဆိုပါတယ်။ ဝမ်ဘင်အနေနဲ့ လူငယ်လူသစ်တွေကို မြေတောင်မြှောက်ပေးတဲ့ အစီအစဉ်တစ်ခုကို အကောင်အထည်ဖော်တော့မှာ ဖြစ်ပါတယ်။ အဲဒါကတော့ နိုင်ငံတကာနဲ့အပြိုင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်မယ့် သရုပ်ဆောင်သစ်တွေ ထွက်ပေါ်လာရေး အစီအစဉ်တစ်ရပ်မှာ ပါဝင်ဖြစ်ပါတယ်။

ဝမ်ဘင်ဟာ မကြာမီမှာ အရှေ့တောင်အာရှနိုင်ငံအချို့ကို ခရီးထွက်ဦးမှာ ဖြစ်ပါတယ်။ အဲဒါကတော့ ကလေးငယ်များ ရန်ပုံငွေအတွက်လည်း ပါဝင်ပါတယ်။

ဆွေးရိပ်သန်းနေတဲ့မျက်နှာရှင် ချိုဂျီဝူ

တောင်ကိုရီးယားမှာ နာမည်ကြီးနေတဲ့ အမျိုးသမီး သရုပ်ဆောင် တစ်ဦးကတော့ ချိုဂျီဝူပဲ ဖြစ်ပါတယ်။ ၁၉၇၅ခုနှစ် ဇွန် ၁၁ရက်က မွေးဖွားခဲ့သူမို့ အသက် ၃၃နှစ် အရွယ်ရှိပြီဖြစ်တဲ့ သရုပ်ဆောင်တစ်ဦး ဖြစ်ပါတယ်။

Beautiful Days ရုပ်မြင်သံကြားဇာတ်လမ်းတွဲနဲ့ နာမည်ကြီးခဲ့သူဖြစ်ပြီး သူ့ရဲ့အားငယ်စိုးရိမ်ပြီး ဆွေးရိပ်သန်းနေတဲ့ မျက်နှာ အမူအရာတွေကြောင့် ပရိသတ်စိတ်ဝင်စားမှုကို ရယူနိုင်ခဲ့သူ ဖြစ်ပါတယ်။

၂၀၀၂ခုနှစ်မှာ ရုပ်ရှင်သရုပ်ဆောင် ဘေယောင်ဂျွန်နဲ့တွဲပြီး သရုပ်ဆောင်ခဲ့တဲ့ " Win "ဆိုတဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲမှာ လူကြိုက်များခဲ့တာမို့ ချိုဂျီဝူရဲ့ ကျော်ကြားမှုကလည်း အာရှ ပရိသတ်တွေကြားမှာ ရေပန်းစားခဲ့ပါတယ်။

အခု လောလောဆယ်မှာတော့ ချိုဂျီဝူဟာ အချစ်မေတ္တာဘွဲ့ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲတစ်ခုကို ရိုက်ကူးနေပြီး ဖြစ်ပါတယ်။ ဒီဇာတ်ကားဟာ တောင်ကိုရီးယားနိုင်ငံကို အခြေခံပြီး လှုလှပပနဲ့ ပရိသတ်စွဲမက်စေမယ့် ရုပ်မြင်သံကြားဇာတ်လမ်းတွဲ ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲကို လာမယ့် မေ ၁၂ ရက်မှာ အမ်ဘီစီ ရုပ်မြင်သံကြားလိုင်းကနေပြီး ထုတ်လွှင့်ပေးတော့မှာ ဖြစ်ပါတယ်။

ဂျပန်ကိုသွားရောက်မယ့် ဘေယောင်ဂျွန်

တောင်ကိုရီးယားနိုင်ငံမှာသာမက အာရှနိုင်ငံတွေမှာရှိတဲ့ အမျိုးသမီး ပရိသတ်တွေ သည်းသည်းလှုပ် အားပေးခြင်းခံရတဲ့ သရုပ်ဆောင်ကတော့ ဘေယောင်ဂျွန်ပဲ ဖြစ်ပါတယ်။ တည်ငြိမ်တဲ့ သရုပ်ဆောင်မှု၊ ပီပြင်တဲ့ အမူအရာတွေကြောင့် ဘေယောင်ဂျွန်ရဲ့ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲတွေကို တောင်ကိုရီးယားမှာတော့ တစ်နိုင်ငံလုံး ပြည်သူတွေရဲ့ ၂၀ရာခိုင်နှုန်းလောက် အားပေး ကြည့်ရှုကြတယ်လို့ ဆိုပါတယ်။

ဘေယောင်ဂျွန်ဟာ "Winter Sonata" လို့ အမည်ပေးထားတဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲကို ယခုအခါမှာ ပြန်လည် ထုတ်လွှင့်တော့မှာ ဖြစ်ပါတယ်။ ဒီရုပ်မြင်သံကြားဇာတ်လမ်းတွဲဟာ ဘေယောင်ဂျွန် အောင်မြင်ကျော်ကြားခဲ့တဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲပဲ ဖြစ်ပါတယ်။

ယခု လောလောဆယ်မှာတော့ ရုပ်မြင်သံကြားဇာတ်လမ်းတစ်ခုကို ရိုက်ကူးဖို့အတွက် ဂျပန်နိုင်ငံကို ဧပြီလကုန်မှာ ဘေယောင်ဂျွန် ခရီးထွက်မှာ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံ ရုပ်ရှင်ကုမ္ပဏီတစ်ခုနဲ့လည်း ရုပ်ရှင်ဇာတ်ကားရိုက်ကူးဖို့အတွက် ဆွေးနွေးမှာဖြစ်ပြီး တကယ်လို့ ရုပ်ရှင်ရိုက်ဖြစ်ဖို့ သဘောတူညီမှုရခဲ့ရင်တော့ ဒီနှစ်အတွက် ဂျပန်နိုင်ငံမှာ ပထမဆုံး ရုပ်ရှင်ရိုက်ကူးတဲ့ တောင်ကိုရီးယား သရုပ်ဆောင်တစ်ဦးအဖြစ် ရောက်ရှိလာမှာ ဖြစ်ပါတယ်။

ပြည်ပအနုပညာမြင်ကွင်း - မိုးမြင့်လင်းလက်

အောင်မြင်ကျော်ကြားလာတဲ့ လီဒါဟေး

အသက် ၂၄ နှစ်သာ ရှိသေးပေမယ့် တစ်ရှိန်ထိုး အောင်မြင်ကျော်ကြားလာတဲ့သူကတော့ တောင်ကိုရီးယား အမျိုးသမီးရုပ်ရှင် သရုပ်ဆောင်ကတော့ လီဒါဟေးပဲ ဖြစ်ပါတယ်။ အခုဆိုရင် ရုပ်မြင်သံကြား ဇာတ်လမ်းတွဲတွေအဖြစ် အမ်ဘီစီနဲ့စာချုပ်ပြီး ရိုက်ကူးနေတာပါ။

လီဒါဟေးဟာ ရုပ်မြင်ဇာတ်လမ်းတွဲ ၁၀ ခု ရိုက်ကူးခဲ့ပြီး ကားတိုင်းလိုလို ပီပီပြင်ပြင် သရုပ်ဆောင်နိုင်ခဲ့ပါတယ်။ အခု နောက်ဆုံး ရိုက်ကူးထားတဲ့ "ဟဲလိုမီးစ်"လို့ အမည်ပေးထားတဲ့ ရုပ်မြင်ဇာတ်လမ်းတွဲ ဖြစ်ပါတယ်။

လောလောဆယ်မှာ ဩစတြေးလျနိုင်ငံကို သွားရောက်၍ ရုပ်ရှင်ရိုက်ကူးဖို့ စီစဉ်ထားပြီး အဲဒီမှာ သီတင်းရှစ်ပတ်ကြာ ရိုက်ကူးဖြစ်ပါလိမ့်မယ်။ လီဒါဟေးက သူ့ရဲ့ရုပ်ရှင်ဇာတ်ကားများကို ပရိသတ်တွေ စိတ်တိုင်းကျစေဖို့ အစွမ်းကုန်သရုပ်ဆောင်မယ်လို့ဆိုပါတယ်။ လီဒါဟေးကို ဂျပန်ပရိသတ်တွေကလည်း နှစ်သက်သဘောကျလို့ လီဒါဟေး တစ်ယောက် ဂျပန်ကို ခရီးထွက်ဦးမှာ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

(မြန်မာ့အလင်း)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဧပြီ ၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟွေ့အန်းမြို့၌ ဧပြီ ၃ရက်က ကျင်းပသည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ သီးသန့်အစည်းအဝေး(Retreat)နှင့် ဒါနန်မြို့၌ ဧပြီ ၄ရက်တွင် ကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး(12th ASEAN Finance Ministers Meeting)များသို့တက်ရောက်ပြီး ဧပြီ၇ရက်တွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ဝန်ကြီးဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပွင့်လင်းစွာဆွေးနွေး

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် အဖွဲ့သည် ဧပြီ ၃ရက် ညနေ ၃နာရီတွင်ဟွေ့အန်းမြို့ရှိ Plam Garden Resort၌ ကျင်းပသည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အလွတ် သဘောအစည်းအဝေးသို့ အာဆီယံ ၁၀နိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီးများနှင့်အတူ တက်ရောက်ကြသည်။ သီးသန့်အစည်းအဝေးတွင် အမေရိကန်စီးပွားရေးနေးကွေးကျဆင်းမှုနှင့် အာဆီယံနိုင်ငံများအပေါ် အကျိုးသက်ရောက်မှု၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာတို့နှင့် စပ်လျဉ်း၍ လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဖွင့်အမှာစကားပြော

(၁၂)ကြိမ်မြောက် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲကို ဧပြီ ၄ရက် နံနက်ပိုင်းတွင် ဒါနန်းမြို့ရှိ Furama Resort၌ နံနက်၈နာရီ၄၅မိနစ်တွင် ကျင်းပရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Nguyen Sinh က အဖွင့်အမှာစကားပြောကြားဖွင့်လှစ်ပေးပြီး အာဆီယံနိုင်ငံဘဏ္ဍာရေးဝန်ကြီးများနှင့်အတူ အမှတ်တရမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။**(အပေါ်ပုံ)**

အမြင်ချင်းဖလှယ်

ထို့နောက် အစည်းအဝေးကိုဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး Mr.Vu Van Ninhကဆောင်ရွက်သည်။ ရှေးဦးစွာ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် Dr.Surin Pitsuwan က အာဆီယံနိုင်ငံများ၏ စီးပွားရေးအခြေအနေနှင့်ဒေသဆိုင်ရာ ကြုံတွေ့နေရသောကိစ္စရပ်များကိုလည်းကောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr.Haruhiko Kuroda က ဒေသဆိုင်ရာစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ရှေ့အလားအလာများ၊ ကြုံတွေ့ရင်ဆိုင်ရသည့် စွန့်စားရမှုများနှင့် စိန်ခေါ်မှုများကိုလည်းကောင်း၊ ကမ္ဘာ့ဘဏ်ဦးဆောင်ညွှန်ကြားရေးမှူး Mr.Juan Jose Daboubက အာရှဒေသ အလားအလာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဘဏ္ဍာရေးဝန်ကြီးများက တင်ပြချက်များအပေါ် ဆွေးနွေး အမြင်ချင်းဖလှယ်ကြသည်။

ရည်မှန်းချက်အောင်မြင်

ထို့နောက် အာဆီယံ စီးပွားရေး အသိုက်အမြုံ ကြေညာချက်စာတမ်းနှင့် အာဆီယံ သဘောတူညီချက်ဆိုင်ရာ လုပ်ငန်းများ တိုးတက်မှုအခြေအနေကို အာဆီယံ အတွင်းရေးမှူးချုပ်ကတင်ပြပြီး အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများက ရည်မှန်းချက်များ အောင်မြင်ရန်အတွက် လိုအပ်ချက်များအပေါ် ဆွေးနွေးမှုများပေးကြသည်။

ဘဏ္ဍာရေးဝန်ကြီးများသည် အာဆီယံ ငွေရေးကြေးရေးနှင့် ငွေကြေးပေါင်းစည်းမှု လမ်းပြမြေပုံအရ အကောင်အထည်ဖော်လျက်ရှိသည့် လုပ်ငန်းများဖြစ်သော အရင်းအနှီးဈေးကွက် ဖွံ့ဖြိုး တိုးတက်ရေး၊ ငွေလုံးငွေရင်း စာရင်းလွတ်လပ်ခွင့်ပြုရေး၊ ငွေရေးကြေးရေးဝန်ဆောင်မှုများ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုရေး လုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း၊ အာဆီယံ +၃ ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ် အရအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အာရှ ငွေချေးစာချုပ်ဈေးကွက် အစီအစဉ်၊ ဇင်းမယ် အစီအစဉ်တွင် နိုင်ငံစုံပါဝင်ရေးနှင့် အာဆီယံ+၃ သုတေသနအဖွဲ့တို့၏ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လည်းကောင်း၊ အာဆီယံဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများဖြစ်သည့် အာဆီယံအာမခံဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံအကောက်ခွန်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးစနစ်ပြုပြင်ပြောင်းလဲမှု၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက် လုပ်ငန်းများအတွက် ဘဏ္ဍာငွေ ဖြည့်ဆည်းမှုအားတိုက်ဖျက်ခြင်း၊ အာဆီယံအခြေခံအဆောက်အအုံဆိုင်ရာ ငွေကြေးဖြည့်ဆည်းမှု အစီအစဉ်၊ အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်နှင့်ပတ်သက်၍လည်းကောင်း၊ တိုးတက်မှုအခြေအနေ တင်ပြချက်များကို မှတ်တမ်းတင်ပြကြပြီး ရှေ့ဆက်လက်ဆောင်ရွက်ရန်အတွက် လမ်းညွှန်မှုပြုကြသည်။

အာဆီယံဘဏ္ဍာရေးဝန်ကြီးများသည် မွန်းလွဲ ၂နာရီတွင်(Protocol to Implement the Fouth Package of Commitments on Financial Service under AFAS) ကို လက်မှတ်ရေးထိုးကြသည်။

အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ၏ ပူးတွဲသတင်းထုတ်ပြန်ချက်ကို ညနေ ၅နာရီ ၄၅မိနစ်တွင်ထုတ်ပြန်ပြီးသတင်းစာရှင်းလင်းပွဲကို ကျင်းပသည်။ **(သတင်းစဉ်)**

နေပြည်တော် ပျဉ်းမနားခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသခြင်း အောင်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်စီစဉ်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်သော နေပြည်တော်ပျဉ်းမနားခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသခြင်း အောင်ပွဲအခမ်းအနားကို ဧပြီ ၇ရက် နံနက် ၈နာရီက နေပြည်တော်ရှိ ခုတင်(၁၀၀)ဆေးရုံ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နေပြည်တော် ပျဉ်းမနားခရိုင် နယ်မြေတာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာမြဦးတို့က အမှာစကားပြောကြားကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ မျက်စိအခမဲ့ခွဲစိတ်ကုသမှုလုပ်ငန်းအတွက် လှူဒါန်းငွေကျပ်၁၀သိန်းကို ပေးအပ်လှူဒါန်းရာ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေးက လက်ခံသည်။

ဆက်လက်၍ မျက်စိအခမဲ့ ခွဲစိတ်ကုသမှုလုပ်ငန်းအတွက် လိုအပ်သော ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ ဆေးဝါးပစ္စည်းများနှင့် ကုန်ကျစရိတ်အဝဝအတွက် အလှူရှင်များဖြစ်ကြသော ဦးအောင်မြတ် (မားသားထရေးဒင်းကုမ္ပဏီ)၊ ဒေါက်တာမောင်မောင်အေးနှင့်ဇနီး ဒေါ်ခင်မိမိလှိုင် (မိုးထက်ကမ္ဘာ)ကုမ္ပဏီတို့က အလှူငွေ ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် မျက်စိခွဲစိတ်ကုသမှု ခံယူခဲ့သည့် ဝေဒနာရှင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ခွဲစိတ်ပြီးလူနာများအား မျက်မှန်၊ ဆေးဝါးနှင့် ထောက်ပံ့ငွေများကို ပေးအပ်ကြကာ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းလိုက်သည်။ **(အောက်ပုံ)**

စမ်းသပ်ကြည့်ရှုကုသ

အဆိုပါ မျက်စိအထူးကုအဖွဲ့ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်သန်းနွယ်က ကြီးကြပ်၍ ရန်ကုန်မြို့မှ မျက်စိအထူးကု ဆရာဝန်ကြီးများဖြစ်ကြသော ပါမောက္ခ ဒေါက်တာဦးတင်ဝင်း၊ ဒေါက်တာနီလာသိန်း၊ ဒေါက်တာအေးမြတ်ဦး၊ ဒေါက်တာနန်းအိရွှေစင်၊ ဒေါက်တာအောင်မိုးထွန်း၊ ဒေါက်တာရီလင်း၊ ဒေါက်တာအောင်နေဦး၊ ဒေါက်တာသိန်းထွဋ်၊ ဒေါက်တာနိုင်လင်းအေး၊ ဒေါက်တာချောဝေလွင်၊ ဒေါက်တာမိုးအေးလတ်၊ ဒေါက်တာယဉ်ကြည်ဦးနှင့် သူနာပြုဆရာမ ခြောက်ဦး၊ Alcon ကုမ္ပဏီမှ ကျွမ်းကျင်ပညာရှင်တစ်ဦးတို့ ပါဝင်ခဲ့ကြပြီး အဆိုပါအဖွဲ့နှင့်အတူ မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးစီမံကိန်းမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ငြိမ်းလင်း၊ နေပြည်တော်ခုတင်(၁၀၀) ဆေးရုံမှ မျက်စိအထူးကုဆရာဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာဒေါ်စန်းစန်းနွဲ့၊ ဒေါက်တာဒေါ်ရီရီအောင်၊ နေပြည်တော် ပျဉ်းမနားပြည်သူ့ဆေးရုံမှ ဒေါက်တာတင်မောင်စိုးနှင့် ဒေါက်တာလှမာလာတို့ ပူပေါင်းပါဝင်ခဲ့ကြကာ မျက်စိအခမဲ့ ခွဲစိတ်ကုသမှု လုပ်ငန်းများကို ဧပြီ ၄ရက်မှ ၇ရက်အထိ ဆောင်ရွက်ခဲ့ကြကြောင်း၊ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်း၊ နေပြည်တော်လယ်ဝေးမြို့နယ်တို့မှ မျက်စိဝေဒနာရှင် ၂၈၆၂ဦးကို စမ်းသပ်ကြည့်ရှုကုသပေးခဲ့ကြပြီး အတွင်းတိမ်လူနာ ၄၁၁ဦးကို အခမဲ့ ခွဲစိတ်ကုသပေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ဇမ္ဗူထိပ် မဟာအတုလကျောင်းတိုက် သင်္ကြန်တရားစခန်း

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်း မော်ဘီမြို့နယ် မြို့မ(၂)ရပ်ကွက် ထန်းတပင်လမ်း ဇမ္ဗူထိပ် မဟာအတုလကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်း ခုနစ်ရက် အထူးတရားစခန်းပွဲကို ၁၃၆၉ ခုနှစ် တန်ခူးလဆန်း ၆ရက်မှ ၁၂ ရက် (ဧပြီ ၁၁ရက်မှ ၁၇ရက်) အထိ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တဝိသာရဒ (သာသနဓဇ ဓမ္မာစရိယ၊ ပါဠိဂုဏ်ထူး)၊ အရှင်ကုမုဒ (ဓမ္မာစရိယ)၊ အရှင်နိဿောက (ဓမ္မာစရိယ) တို့က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်ယောဂီပုဂ္ဂိုလ်များနှင့် ဒုလ္လဘရဟန်း၊ သီလရှင်ဝတ်လိုသော ပုဂ္ဂိုလ်များသည် ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ပြီး တရားစခန်းပွဲအတွင်း ဆွမ်းအာဟာရနှင့် အချိုပွဲ၊ ဖျော်ရည် စသည်လှူဒါန်းလိုသော စေတနာရှင်များသည် ဖုန်း-၆၂၀၅၁၈သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

ကျောက်ကြီးမြို့ အထက အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၈

ပဲခူးတိုင်း ကျောက်ကြီးမြို့ အခြေခံပညာ အထက်တန်းကျောင်း (ယခင် အစိုးရ အလယ်တန်းကျောင်းနှင့် အစိုးရအထက်တန်းကျောင်းဟောင်း)တို့တွင် ပညာသင်ကြားပို့ချပေးခဲ့ကြသည့် အသက် ၆၀ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၁၀ ရက်နံနက် ၉နာရီတွင် ပဲခူးရပ်ကွက် အခြေခံပညာ မူလတန်းလွန်ကျောင်း(ယခင်အစိုးရ အလယ်တန်းကျောင်းဟောင်း)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(၀၄၅)**

နတ်တလင်းမြို့ ကံတော်ဦးကျောင်း ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် ဧပြီ ၈

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော နတ်တလင်းမြို့ ရတနာပုံတိုက် ကံတော်ဦးကျောင်းဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အစိုးရဓမ္မာစရိယ၊ သာသနမကုဋ္ဌဓမ္မာစရိယ၊ သံဝဏ္ဏနတ္တယဝေဒဂူ ဘဒ္ဒန္တဝါယာမအား တပည့်ဒါယကာ၊ ဒါယိကာမများက ၁၃၇၀ပြည့်နှစ် တန်ခူးလပြည့်ကျော် ၇ရက် (ဧပြီ ၂၇ရက်)တနင်္ဂနွေနေ့ မွန်းလွဲ၁နာရီတွင် ရတနာပုံတိုက် ကံတော်ဦးကျောင်း ဗုဒ္ဓဓမ္မဗိမာန်တော်၌ ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။ **(က-ပ)**

အာဂုံဆောင်နိကာယ သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၈

ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိက အာဂုံဆောင်ကျမ်းများနှင့် နိကာယ်အဖွင့်ကျမ်းများ ကျမ်းပြုဆရာတော် အရှင်စန္ဒဓောတိ(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)သည် ဝိနယပိဋကတ်ကို အဓိကထားပို့ချမည့် ဒုတိယအကြိမ်မြောက် အာဂုံဆောင် နိကာယ်သင်တန်းကို ဧပြီ ၂၂ရက်မှ စတင်ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုကြသော ရဟန်း၊ သာမဏေ၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များသည် ဖုန်း-၃၈၀၈၇၅၊ ၃၈၃၄၂၇၊ ၀၉-၅၃-၅၁၈၄၄တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အစိုးရ နိကာယ်စာမေးပွဲဖြေဆိုခွင့်ပုံစံများကြိုတင်လျှောက်ထားကြရန် လိုကြောင်းသိရသည်။ အာဂုံဆောင်နိကာယ် သင်တန်းတက်ရောက်ကြသော သံဃာတော် အပါး၁၀၀ကျော်တို့အား နေ့စဉ်ဆွမ်းနှင့် ကျမ်းစာအုပ်လှူဒါန်း လိုသူများဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဆွမ်းဆန်တော်ရေစက်ချပွဲနှင့် နွေရာသီသင်တန်းများဖွင့်ပွဲ ရထားပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက်

နေပြည်တော် ဧပြီ ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဧပြီ ၆ ရက်က ပဲခူးမြို့ဈေးကြီး ဆန်လှူအသင်းတိုက်၌ ကျင်းပသော ပဲခူးမြို့ ဈေးကြီးဆန်လှူအသင်း၏ အကြိမ်(၃၀)မြောက် ဆွမ်းဆန်တော် ရေစက်ချအလှူတော်မင်္ဂလာပွဲသို့ တက်ရောက်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ပဲခူးမြို့ မြို့မစာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ ဩဝါဒကထာနာယူ၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဆန်လှူအသင်း ဥက္ကဋ္ဌ ဦးချစ်တို့က ဆွမ်းဆန်တော်နှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပဲခူးတိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ပဲခူးမြို့ ဥဿာသီရိ စာသင်တိုက်ကြီး၏ ပဓာနနာယက ဆရာတော်ထံမှ ရေစက်ချ အနုမောဒနာတရား နာယူကြသည်။

ဆွမ်းဆန်တော်ကပ်လှူပွဲတွင် ပဲခူးမြို့ဈေးကြီးဆန်လှူအသင်း၏ သင်းထောက်/သင်းခွဲ (၁၆၃)ဖွဲ့မှ အလှူခံရရှိသည့် ဆွမ်းဆန်တော် ၃၀၉၉တင်း၊ အလှူခံရငွေကျပ် ၁၇၁၅၇၀၉၀ တို့ကို ပဲခူးမြို့ပေါ် စာသင်တိုက် ၉၃ တိုက်မှ ရဟန်း၊သာမဏေ၊သီလရှင် အလှူခံပုဂ္ဂိုလ် ပေါင်း၇၂၅၉ပါး တို့အားကပ်လှူသည်။

သင်တန်းဖွင့်လှစ်ပေး

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် သနပ္ပင်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမ၌ကျင်းပသော နွေရာသီသင်တန်းများဖွင့်ပွဲနှင့် ကဝမြို့နယ်ခန်းမ၌ ကျင်းပသော နွေရာသီသင်တန်းများဖွင့်ပွဲတို့သို့ တက်ရောက်၍ အမှာစကား ပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

နွေရာသီသင်တန်းများ

ယခုဖွင့်လှစ်သော နွေရာသီသင်တန်းများတွင် အမှုဆောင်များ စီမံခန့်ခွဲရေး ဆင့်ပွားသင်တန်း၊ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း၊ အသက်မွေးဝမ်းကျောင်းမှုသင်တန်းများ၊ အားကစားသင်တန်းများ၊ ကွန်ပျူတာ၊ အင်္ဂလိပ်စကားပြော၊ ဂီတသုခုမပညာသင်တန်းနှင့် တိုင်းရင်းဆေးသင်တန်းများ ပါဝင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေတောင်မြို့ ရွှေမျက်မှန်ဆုတောင်းပြည့်ဘုရား ဂန္ဓကုဋိတိုက် မျက်နှာကြက်အတွက် ငွေလှူဒါန်း

ရွှေတောင် ဧပြီ ၃

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် ရွှေတောင်မြို့နယ် ရှေးဟောင်းသမိုင်းဝင် ရွှေမျက်မှန်ဆုတောင်းပြည့်ဘုရားကြီး ဂန္ဓကုဋိတိုက်အတွင်း မျက်နှာကြက်တော် တပ်ဆင်ပူဇော်နိုင်ရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ရွှေမျက်မှန်ဘုရားကြီး ဂန္ဓကုဋိတိုက်အတွင်း၌ ကျင်းပရာ ရွှေတောင်အဆင့်မြင့်ချည်မျှင်နှင့် အထည်စက်ရုံ (စက်ရုံမှူး) ဦးဇော်ဝင်းမောင်-ဒေါ်မြင့်မြင့်အေးမိသားစုက အလှူငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းရာ ပဲခူးတိုင်း(အနောက်ပိုင်း)အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်းဦးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

လှူဒါန်းနိုင်

အလှူရှင်များ လှူဒါန်းလိုပါက ဖုန်း-၀၅၃-၅၅၀၂၄ ဂေါပကအဖွဲ့ရုံး ရွှေတောင်မြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၅၈)**

ပခုက္ကူမြို့၌ ဘွဲ့တံဆိပ်တော်ရဆရာတော် ဂုဏ်ပြုပူဇော်

ပခုက္ကူ ဧပြီ ၇

ပခုက္ကူမြို့ အမှတ် (၃)ရပ်ကွက် တိလောကာရာမဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပဓာနနာယကဆရာတော် ပခုက္ကူမြို့နယ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တပညာဝံသ မဟာသဒ္ဓမ္မဇောတိကဓဇအား ဂုဏ်ပြုပူဇော်သဘင် အခမ်းအနားကို ဧပြီ ၅ရက် နံနက်က အဆိုပါကျောင်း၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စိုးက မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့လက်မှတ်ကို ဆက်ကပ် လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်ချတရားနာယူကြောင်း သိရသည်။ (၀၇၀)

တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်းအပြင် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်းများအတွင်းမှနုန်း၊ သဲ၊ မြေကြီးများဆယ်ယူရှင်းလင်းခြင်းနှင့် အမှိုက်များသိမ်းဆည်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၆ရက်က ဒုတိယဦးစီးမှူး (ဈေး) ဦးသန်းထွန်းဦးဆောင်၍ အဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ရာသို့ လက်ထောက် ညွှန်ကြားရေးမှူး ဦးအမ်လှသောင်း ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ကျောက်မဲမြို့ အောင်မင်္ဂလာကျောင်းတိုက် လမ်းခင်းရန်ငွေလှူဒါန်း

ကျောက်မဲ ဧပြီ ၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ်(၈) ရပ်ကွက် အောင်မင်္ဂလာကျောင်းတိုက် ကျောက်ခင်းလမ်းအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၃၀ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်စံမြင့်ဦး၊ တပ်မတော်အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောက်မဲခရိုင်အတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ တက်ရောက်ကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး တအောင်းပလောင် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဉာဏလင်္ကာရထံမှ ငါးပါးသီလခံယူကြသည်။

လှူဒါန်း

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် မိသားစုက ကျောက်ခင်းလမ်းအတွက် အလှူငွေကျပ်သိန်း၂၀ နှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီး **(အပေါ်ပုံ)** လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ (က-ပ)

မင်းဘူး(စကု)မြို့၌ ကျေးရွာစာကြည့်တိုက်များဖွင့်

မင်းဘူး(စကု) ဧပြီ ၂

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မင်းဘူး(စကု)မြို့နယ် ခရကန်ကျေးရွာ သုတကြယ်စင်နှင့်လေးပင်ကျေးရွာ လင်းရောင်ခြည်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်များဖွင့်ပွဲကို မတ် ၂၄ရက်က ကျင်းပရာ အဆောက်အအုံသစ်များကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းနိုင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆွေးနွေး

ဖွင့်ပွဲအခမ်းအနားများတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသန်းနိုင်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြင်းမူမြို့ မူလတန်းလွန်ကျောင်း ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်

မြင်းမူ မတ် ၂၀

မြင်းမူမြို့နယ် ညောင်ရင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၈ရက် နံနက် ၁၀နာရီက ညောင်ရင်းအခြေခံပညာ မူလတန်းလွန်ကျောင်းရှေ့ မျက်နှာစာ၌ ကျင်းပသည်။

ဂုဏ်ပြုဆု

အခမ်းအနားတွင် ကျောင်းအုပ် ဆရာမကြီး ဒေါ်ကြည်ကြည်ဌေးက အမှာစကားပြောကြားပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ပြီး စတုတ္ထတန်း မြို့နယ်အဆင့်ထူးချွန် ဘာသာစုံတတိယဆုရ မောင်ကျော်မျိုးသူအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ဌေးက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)(၀၃၅)**

သင်္ကြန်ကာလ သက်ကြီးပူဇော်ရန် အလှူခံဌာနများဖွင့်

ရေစကြို မတ် ၂၅

မကွေးတိုင်း ရေစကြိုမြို့ပေါ်ရှိ လမ်းဆုံ လမ်းမတိုင်းတွင် မြန်မာသင်္ကြန်ကာလ ပဌာန်းရွတ်ဆိုပူဇော်ပွဲနှင့် စတုဒိသာကျွေးမွေးခြင်း၊ သက်ကြီးပူဇော်ပွဲများပြုလုပ်ခြင်း၊ ဘုရားကျောင်းကန် ရေသပ္ပာယ်ခြင်းတို့အတွက် အလှူခံဌာနများဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။ **(၀၆၉)**

ကျိုင်းလပ်မြို့ အမှတ် ၁ရပ်ကွက် မဲခေါင်လမ်းမကြီးတစ်လျှောက် ပန်းအလှခုံများ ဆေးသုတ်ခြင်းနှင့် လမ်းဘေးရေနုတ်မြောင်းများတူးဖော်ဆောင်ရွက်မှုကို မတ်၁၅ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ကြရာ မြို့တာဝန်ခံဦးအောင်ရွှေ ကြီးကြပ်ပေးစဉ်။ (နယ်စပ်/စည်ပင်)

အမြို့မြို့အနယ်နယ်သတင်းများ

မိုင်းဖြတ်၌ ပျိုးရွယ်သူ မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှု ဆင့်ပွားသင်တန်းဖွင့်

မိုင်းဖြတ် မတ် ၃၀

မိုင်းဖြတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ပျိုးရွယ်သူ မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှု ဆင့်ပွားသင်တန်းဖွင့်ပွဲကို မတ် ၁၉ရက် နံနက် ၉ နာရီခွဲက ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

ရှေးဦးစွာ ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စောဝေက အဖွင့် အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မိုးနီနီလွင်က သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်နှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားသည်။ (ဝဲပုံ)

တက်ရောက်

အဆိုပါ သင်တန်းသို့ သင်တန်းသူ သင်တန်းသား ၅၀ တက်ရောက်ပြီး သင်တန်းကာလ ငါးရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ထီးလင်းမြို့ အကြည်ဘန်းဆည် ပြုပြင်ထိန်းသိမ်း

ထီးလင်း မတ် ၃၀

ဂန့်ဂေါခရိုင် ထီးလင်း မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းသည် ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာ ဦးသိန်းဇံနှင့်အတူ မတ် ၁၁ရက်က ပေါက်-ထီးလင်းကားလမ်း ထီးလင်း မြို့နယ် လမ်းပိုင်းပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းကိုလည်းကောင်း၊ အကြည်ဘန်းရွာ အကြည်ဘန်းဆည် ပြုပြင်ဆောင်ရွက်ထိန်းသိမ်းမှုကိုလည်းကောင်း ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ အကြည်ဘန်းဆည်သည် မိုးစပါး ၁၂၇ဧကနှင့် နွေစပါး ၁၇ဧကကို နှစ်စဉ်အောင်ရေပေး စိုက်ပျိုးနိုင်ကြောင်း သိရသည်။ (၀၇၁)



မုဒုံမြို့နယ်စည်ပင် ရေဂါလန် ၄၀၀၀ ဆံ့ ရေစင်တည်ဆောက်

မုဒုံ ဧပြီ ၂

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် ကွေ့ဝမ်းစံပြကျေးရွာ၌ ရေဂါလန် ၄၀၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်း လုပ်ငန်းကို မတ် ၂၅ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်း ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးတင်မောင်ဝင်းက လုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မုဒုံမြို့ ဗိုလ်တေဇလမ်း ကတ္တရာလမ်းသစ်ဖွင့်

မုဒုံ ဧပြီ ၁

(၆၃)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော မုဒုံမြို့ မြို့မ ၄ရပ်ကွက် ဗိုလ်တေဇလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၄ရက် နံနက် ၈နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေးက လမ်းနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြသိန်း၊လမ်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးတင်ရွှေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ (၂)မြို့ပြ ဒေါ်ခင်လဲ့လဲ့နိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ကြည့်ရှု

ထို့နောက် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

(မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

ကန့်ဘလူမြို့နယ်၌ အပေါ့စား မီးသတ်စက် ပေးအပ်ပွဲကျင်းပ

ကန့်ဘလူ ဧပြီ ၃

ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်တွင် အပေါ့စား မီးသတ်စက်ပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၂ရက် မွန်းလွဲ ၁၂နာရီခွဲက ကန့်ဘလူမြို့နယ် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးစိုးလွင် တက်ရောက်အားပေးပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံးချိုက ငွေကျပ် ၂၂၆၅၀ တန်ဖိုးရှိ အပေါ့စား မီးသတ်စက်ကို ပေးအပ်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်နိုင်က လက်ခံယူကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိမင်္ဂလာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း သုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၂၈ရပ်ကွက် အောင်မင်္ဂလာလမ်းနေ ဦးဝင်းသီ-ဒေါ်ခင်မလေး မိသားစုက အလှူငွေကျပ်သုံးသိန်းကို ကျောင်းတိုက်၏ပဓာနနာယက တိုက်အုပ်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအဂ္ဂဝံသထံ ဆက်ကပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်က လက်ခံယူစဉ်။ (၁၇၁)

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဒုတိယဦးစီးမှူး(ဈေး) ဦးဝဏ္ဏအောင် ဦးဆောင်၍ ဈေးဝန်ထမ်းများနှင့် မြို့မဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်မှုကို မတ်၁၂ရက်က အမှုဆောင်အရာရှိ ဦးဝင်းဆွေ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျောက်တံခါးမြို့၌ ကျောက်ချောလမ်းနှင့် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ကျောက်တံခါး ဧပြီ ၂

(၆၃)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်တံခါးမြို့နယ် သမင်အင်းကုန်းကျေးရွာတွင် ကျောက်တံခါး-ခိုလို-သမင်အင်းကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်၊အလှူရှင် ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)၊ ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင် တစ်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပညာဗိမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် အလှူငွေ၊ စာအုပ်စာစောင်များလှူဒါန်းပွဲကို ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်၊ ဗိုလ်မှူးကြီးတင်ရှိန် (ငြိမ်း)နှင့် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကျော်နိုင်တို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌဦးမျိုးတင့်က အဖွင့်အမှာစကား ပြောကြားပြီးနောက် အလှူရှင် ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း) နှင့် မိသားစုက စာကြည့်တိုက်ရန်ပုံငွေအတွက် ငွေကျပ်ငါးသိန်းနှင့် မြို့နယ်ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက စာအုပ်စာစောင်များ လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မဟာအောင်မြေမြို့နယ်၌ စာကြည့်တိုက်မှတ်ပုံတင် လက်မှတ်များပေးအပ်

မန္တလေး မတ် ၂၅

မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၁၈တိုက်အတွက် စာကြည့်တိုက် မှတ်ပုံတင်လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စိုးက ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို စံပြစာကြည့်တိုက်များ ဖြစ်ပေါ်လာစေရေးအတွက် လိုအပ်သည်များ ပံ့ပိုးပေးနိုင်ရေး ဆွေးနွေးပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်သန်းက စာကြည့်တိုက် ရေရှည်တည်တံ့ရေး၊ စာအုပ်၊ စာစောင်မပြတ် တိုးပွားရေးတို့ကို ဆွေးနွေးကြသည်။ ထို့နောက် မြို့နယ်ဦးစီးမှူးက မြို့နယ်ဥက္ကဋ္ဌထံ စာကြည့်တိုက် မှတ်ပုံတင်လက်မှတ် ၁၈စောင်ကို ပေးအပ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ ဆက်)

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အသိပညာမြှင့်တင်မှု ဖွံ့ဖြိုးရေးလုပ်သား သင်တန်းဖွင့်

ချောင်းဦး မတ် ၂၀

မုံရွာခရိုင် ချောင်းဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် Care Myanmarတို့ ပူးပေါင်းဖွင့်လှစ်သော ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပြည်သူလူထု အသိ ပညာမြှင့်တင်မှု ဖွံ့ဖြိုးရေး လုပ်သားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ရက် နံနက်၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်မောင်က အဖွင့်အမှာစကားပြောကြားပြီးနောက် **(အပေါ်ပုံ)** မြို့နယ်ကျန်းမာရေး ဦးစီး ဌာန ဦးစီးမှူး ဒေါက်တာ ဒေါ်ခင်စန်းဝင်းက ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြို့နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာလှစိန်နှင့် Care Myanmarမှ သင်တန်းတာဝန်ခံ ဒေါ်မို့မို့သန်းတို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ကြာမြင့်

အဆိုပါသင်တန်းကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးတွင် ချောင်းဦးမြို့နယ်အတွင်းရှိရပ်ကွက်နှင့်ကျေးရွာအုပ်စု အသီးသီးမှ သင်တန်းသူသင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက် ကြာမြင့်ခဲ့သည်။ **(က-ပ)**

တောင်ငူမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ လုပ်ငန်းညှိနှိုင်း မသန်စွမ်းစစ်သည်များအတွက် ရန်ပုံငွေပေးအပ်

တောင်ငူ မတ် ၃၀

တောင်ငူမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၊ မြို့နယ်စည်းရုံးရေးကော်မတီဝင်များနှင့် အခြေခံစည်းရုံးရေးကော်မတီဝင်များ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မတ် ၆ရက် မွန်းလွဲပိုင်းက စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်းမဆောင်၌ ကျင်းပရာ သဘာပတိ ဗိုလ်ကြီးထွန်းဇော်ချစ်(ငြိမ်း)က အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် မသန်စွမ်းစစ်သည်များအတွက် ရန်ပုံငွေကျပ်တစ်သိန်းကို တောင်ငူမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးကျော်ဝေ(ငြိမ်း)က ပေးအပ်လှူဒါန်းရာ အဖွဲ့ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်မြင့်(ငြိမ်း)က လက်ခံယူပြီး **(အပေါ်ပုံ)** အလှူရှင်သို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(ဝ၄၇)**

ချောင်းဆုံမြို့နယ် ကလ္ဗီ-ဒရယ်လမ်း ကျောက်ချောခင်း

ချောင်းဆုံ မတ် ၂၆

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကလ္ဗီ-ဒရယ်လမ်းကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၂၁ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ကြည်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(က-ပ)**

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှတ်(၄)ရပ်ကွက်ရှိ မြို့မပတ်လမ်း လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ (၂) ဦးစိုးမိုးအောင်နှင့်အဖွဲ့ ဆောင်ရွက်ရာသို့ မတ် ၈ရက်က အမှုဆောင်အရာရှိ ဦးမောင်တိုး ကြပ်မတ်ပေးစဉ်။
(မြို့နယ်စည်ပင်)

ကျောက်မဲမြို့ နမ့်ကျင်လီရေတံခွန်မှ လျှပ်စစ်မီးပေးဝေနိုင်ရန် ဆောင်ရွက်

ကျောက်မဲ မတ် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ရေအားလျှပ်စစ်ပညာရှင် ဦးစိုင်းထွန်းလှနှင့် ကျောက်မဲခရိုင်အသင်းမှ အလုပ်အမှုဆောင် ဦးကျော်အုန်းတို့၏ ဦးဆောင်စီမံမှုဖြင့် ကျေးရွာပြည်သူများပူးပေါင်းပါဝင်သော ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စီမံကိန်းကို ကျောက်မဲမြို့နယ် ပုံပိုးကျေးရွာအုပ်စုနမ့်ကျင်လီရွာ၌ ဧပြီလမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ရာ နမ့်ကျင်လီရွာအနီးရှိ နမ့်ကျင်လီရေတံခွန်မှ ကီလိုဝပ် ၂၀၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး စီမံကိန်းပြီးစီးက နမ့်ကျင်လီရွာအပါအဝင် ပုံပိုးကျေးရွာအုပ်စုအတွင်းရှိ ရွာများသို့ ၂၄နာရီ လျှပ်စစ်မီး ပေးဝေနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရခိုင်ပြည်နယ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (ရန်ကုန်)က ကြီးမှူး၍ (၂၁) ကြိမ်မြောက် ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာပွဲကို မတ် ၂၂ ရက်က ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်မွေ့ရာ၌ ကျင်းပရာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ရခိုင်နွယ်ဖွား ရခိုင်ပြည်နယ်မှ သံဃာတော်အရှင်သူမြတ် ၁၇ပါးနှင့် သာသနာ့ နုဂ္ဂဟဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ်ငါးဦးတို့အား ရခိုင်ပြည်နယ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(ရန်ကုန်) နာယကချုပ် ဗိုလ်ချုပ်သူရစောဖြူ (ငြိမ်း)၊ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုမ္မမဏိဇောတရေ ဦးကျော်မင်းနှင့်အမှုဆောင်များက ဂုဏ်ပြုချီးကျူးမှတ်တမ်းလွှာများ ဆက်ကပ်ကြစဉ်။ (က-ပ)

အမှတ် ၁၁(အေ) ခနသိဒ္ဓိလမ်း (၈)ရပ်ကွက် ကမ္ဘာအေး မရမ်းကုန်းနေ ဦးကျော်ဒင်အား ရည်စူး၍ ဇနီး ဒေါ်ခင်ကြည်၊ သားဦးအောင်အောင်၊ ဦးမျိုးမြတ်ကျော်၊ သမီး ဒေါ်ရင်ရင်မြ၊ ဒေါ်စန်းစန်းနွဲ့၊ ဒေါ်စိန်မမ၊ ဒေါ်အေးအေးမာ မိသားစုတို့က ငါးထပ်ကြီးကျောင်းတိုက် ဒေါ်နုခင်ကျောင်း မဟာဗောဓိစေတီ မနောရမ လေးထပ်သိမ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို ဆရာတော် ဘဒ္ဒန္တနန္ဒိယထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မော်ကျွန်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆရာ၊ဆရာမများ သင်ကြားရေး မွမ်းမံသင်တန်းဖွင့်

မော်လမြိုင်ကျွန်း ဧပြီ ၂

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများရှိ အလယ်တန်းနှင့် မူလတန်းသင် ဆရာ၊ ဆရာမများ၏ သင်ကြားရေးမွမ်းမံသင်တန်း ဖွင့်ပွဲကို မတ် ၃၁ရက် နံနက် စနာရီက မော်လမြိုင်ကျွန်းမြို့ ပဋ္ဌိမာရုံစာသင်တိုက် ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေပြည်တန်စာသင်တိုက်ဆရာတော်ဘဒ္ဒန္တ ရာဇိန္ဒ မဟာဂန္ထဝါစကပဏ္ဍိတက အဖွင့်သြဝါဒကထာ မိန့်ကြားရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် မြို့နယ်ပညာရေးမှူးဦးမြင့်သိန်းတို့က မွမ်းမံသင်တန်းဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပဋ္ဌိမာရုံစာသင်တိုက်ဆရာတော် ဘဒ္ဒန္တစိန္တိတာလင်္ကာရက နိဂုံးချုပ်သြဝါဒကထာမိန့်ကြားတော်မူသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ဆရာ၊ဆရာမ ၁၈၀တက်ရောက်ကြပြီး သင်တန်းကာလ ၁၀ရက် ကြာမြင့်မည်ဖြစ်သည်။ (၁၄၂)

ပဋ္ဌာနပါဠိတော်ကျမ်းအတွက် ကြေးပြားများလှူဒါန်း

ရန်ကုန် ဧပြီ ၈

ကြေးပိဋကတ်တော် အဘိဓမ္မာပိဋကဝင်ပဋ္ဌာနပါဠိတော်ကျမ်း(ပ-တွဲ) အတွက် ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) အရှင်သူမြတ်ထံသို့ အမှတ် ၄ ဗဟန်းဈေး ပထပ် ရွှေနံ့သာရပ်ကွက်နေ ဦးစိန်မြင့်-ဒေါ်ခင်ငြိမ်း၊ သမီး မယဉ်နွယ်မြင့်၊မမာလာမြင့်(ဒေါင်းမင်းသက်နှံးတိုက်)က ကြေးပြားငါးချပ်၊ အမှတ်၃၁၊ (၂၃)ရပ်ကွက် ကံ့ကော်မြိုင်လမ်း သုဝဏ္ဏနေ နှစ်ဖက်သော မိဘများနှင့် ခင်ပွန်းဗိုလ်မှူးကြီး လှဖေအား ရည်စူး၍ ဒေါ်ခင်ရီ၏ အသက်(၆၄)နှစ်ပြည့်မွေးနေ့အဖြစ် ကြေးပြားငါးချပ်၊ အမှတ် ၁၀၂ ဦးချစ်မောင်လမ်း ဆရာစံမြောက် အရှေ့ရပ်ကွက် ဗဟန်းနေ ဖခင် ဦးသိန်းဖေ မိခင်ဒေါ်ကြွယ်တို့အား ရည်စူး၍ ဒေါ်မိမိစိန်နှင့် သားသမီး၊မြေးတစ်စုကကြေးပြားသုံးချပ်၊ အမှတ် ၁၀ ရေတွင်းကုန်း ၂လမ်း ကြည့်မြင်တိုင်နေ နှစ်ဖက်သောမိဘများအား ရည်စူး၍ ဒေါ်ခင်မြကို အမှူးထားလျက် ဦးမျိုးဝင်း-ဒေါ်ညွန့်ညွန့်သိန်း၊ သားသမီး၊ မြေးတစ်စုက ကြေးပြားသုံးချပ်၊ အမှတ် ၃၆၂၊ ၁၅လမ်းအထက် ယမုံနာ ၁ရပ်ကွက်၊ ဒေါပုံမြို့နယ်နေ ဖခင် ဦးကြာညွန့်-မိခင် ဒေါ်သန်းအား အမှူးထား၍ သားကိုကျော်ထွေးက ကြေးပြားသုံးချပ်၊ အမှတ်၂၉၆/ ၁၂ ရန်အောင်လမ်းသွယ်-၁၊ (၂)ရပ်ကွက် အရှေ့ရန်ကင်းနေ ဒေါက်တာမောင်မောင်စိန်-ဒေါ်တင်တင်နွဲ့၊ သားကျော်မင်းလွင် မိသားစုက ကြေးပြားနှစ်ချပ်၊ အမှတ် ၁၁၁/B သစ်တောလမ်း အလုံနေ ဒေါက်တာဒေါ်သန်းတိုးနှင့် စာရင်းအင်းပညာဌာန ရွှေရတု အထိမ်းအမှတ် အာစရိယပူဇော်ပွဲအတွက် လှူဒါန်းသူများ၊ ဒေါက်တာသိန်းထွန်း-ဒေါက်တာ ဒေါ်သန်းတိုး၊ သား ကျော်တိုးထွန်း၊ ဇော်တိုးထွန်း၊ သမီး ခိုင်မာလာသိန်း မိသားစု၊ အမှတ် ၁၄၅/E မင်းရဲကျော်စွာလမ်း (၄၂)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးအောင်မျိုးသိန်း-ဒေါ်သွဲ့ဝေလွင်၊ သမီးဖြူမြင့်မြတ်၊ သား မောင်ကျော်ဇင်သန့် မိသားစု၊ အမှတ် ၅၇ အေ ၂/၄ ဗဟိုလမ်း စမ်းချောင်းနေ ဒေါ်ခင်ခင်ညွန့်၊ သားကိုနိုင်အောင်၊ သမီးမနန္ဒာ မိသားစု၊ ဦးသိန်းညိုလွင် - ဒေါ်မူယာ၊ သားကြီး ကောင်းပြည့်စုံ၊ သားငယ် ဘုန်းလကျာ်သိန်း မိသားစု၊ အမှတ် ၃၇ ဓမ္မစိန္တာလမ်း ဖလ္လာ ကျောက်မြောင်းနေ ဦးလှသိန်း (ဒု-အင်ဂျင်နီယာမှူးကြီး) မိသားစု၊ အမှတ် ၂၅၉ ဗားကရာလမ်း မြေနီကုန်းနေ မေသဇင်ဟန်(ကိုး-နှစ်ပြည့်)မွေးနေ့အလှူ၊ ဦးတင်ဝင်း-ဒေါ်ခင်မေထွေးကောင်းမှု၊ တိုက်၂၁ အခန်း ၄ ဘော်စင်လမ်းသွယ်(၁)၊ သုဝဏ္ဏနေ ဦးကျော်ဝင်းဦး (၄၄ နှစ်ပြည့်)မွေးနေ့ ဒေါ်နိုးနိုး၊ သား မောင်အောင်ခန့်ကျော် (ခြောက်နှစ်ပြည့်)မွေးနေ့၊ သမီး မသံသာလင်းလက်မိသားစု၊ ပါရမီကားဝင်းအတွင်း တောင်ဥက္ကလာနေ ဦးမောင်လှ-ဒေါ်လှလှကြူ၊ သား မောင်အောင်မျိုးလှ မိသားစု၊ အမှတ် ၄၄၆ ကုန်သည်လမ်း ဗိုလ်တထောင်မြို့နယ်နေ အဘွား ဒေါ်တင်လှိုင်အား အမှူးထား၍ သားသမီး၊ မြေးတစ်စု၊ အမှတ် ၁၃၀/A ၃လွှာ ၃၄လမ်း ကျောက်တံတားနေ ဒေါ်နီမိသားစု၊ အမှတ် ၄၄၆ အခန်း ၃ ပထပ် ကုန်သည်လမ်း ဗိုလ်တထောင်နေ ဦးထွန်းအောင်-ဒေါ်လေးနိုင်တို့အား အမှူးထား၍ သားသမီး၊ မြေးတစ်စု၊ အမှတ် ၆၃၊ ဖလ္လာ ၂၁လမ်း လသာမြို့နယ်နေ ဒေါက်တာ ဝင်းတင်-ဒေါက်တာခင်စောထွေး၊ သမီး ရည်မွန်တင်၊ ခိုင်သဉ္ဇာတင်၊ သက်မှူးတင် မိသားစု၊ အမှတ် ၂၀၇/က ဘုရင့်နောင်လမ်း (၅)ရပ်ကွက် မရမ်းကုန်းနေ ဦးကျော်မြင့်-ဒေါက်တာ ဒေါ်အေးသစ် မိသားစုတို့က ကြေးပြားတစ်ချပ်စီ လာရောက်လှူဒါန်းကြသည်။ (က-ပ)

မြို့နယ် သတင်းများ

ရေနံချောင်းမြို့ (အထက-၁)တွင် ဆရာတော် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)မတည်၍ လှူဒါန်းဆောက်လုပ်လျက်ရှိသော ရွှေပါရမီကျောင်းဆောင်သစ်အတွက် ရန်ကုန်မြို့နေ ဦးစိုးနိုင်ဦး-ဒေါ်အေးအေးဆန်း (ချောချောဖိနပ်ဆိုင်) မိသားစုက အလှူငွေကျပ် သုံးသိန်းကို ကျောင်းအကျိုးတော်ဆောင် ကိုငွေအောင်ထံ ပေးအပ်လှူဒါန်းစဉ်။(က-ပ)

ကန့်ဘလူမြို့နယ်၌ မီးဘေးသင့် အိမ်ထောင်စုများအား ပစ္စည်းများထောက်ပံ့

ကန့်ဘလူ ဧပြီ ၂

ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် တမာကုန်းကျေးရွာရှိ မီးဘေးသင့် အိမ်ထောင်စုဝင် ၅၈စုအား ကယ်ဆယ်ရေး ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၂ ရက် ညနေ ၃နာရီက တမာကုန်းအခြေခံ ပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးစိုးလွင် တက်ရောက်အားပေး စကားပြောကြားပြီး ခရိုင် ဥက္ကဋ္ဌ ဦးအုံးချို၊ အင်န်ဂျီအိုအဖွဲ့အစည်းများနှင့် အလှူရှင်များက ငွေကျပ် ၁၉၅၀၀၀၀တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ မီးဘေးသင့်ရွာသားများက လက်ခံယူခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အုတ်ဖိုစုရပ်ကွက် ဝိဇ္ဇာလမ်း မူလဟံသာဝတီကမ္မဋ္ဌာန်းကျောင်းတိုက်အတွင်း သာသနာ့ဝိပုလကာရီ သိမ်ကျောင်း ဆောက်လုပ်နိုင်ရန်အတွက် မတည်အလှူရှင်များဖြစ်ကြသော ကချင်ပြည်နယ် ဖားကန့်မြို့နယ် အေးမြသာယာအုပ်စု ရှရော်ခရဝမ်ကုန်းကျေးရွာ ဈေးသူဈေးသားများက မူလဟံသာဝတီကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော် ဦးနန္ဒပါလ(ယော)ထံ အလှူငွေ ကျပ်နှစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများ ထပ်ဆင့်ရှင်းလင်း

ဖလမ်း မတ် ၂၅

ချင်းပြည်နယ် ဖလမ်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လိုင်နယ်ကိမ်းနှင့် ဓာတ်ပုံကျွမ်းကျင်(၂) ဦးမန်းလျန်ဟမ်း တို့သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများ ထပ်ဆင့် ရှင်းလင်းပွဲနှင့် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုး တိုးတက်ရေး ဟောပြောပွဲကို မတ် ၁၂ရက် ည၇နာရီက ရမ်ထလိုကျေးရွာ ထပ်ဝိုင်းခန်းမ၌ ကျင်းပသည်။

ထပ်ဆင့်ရှင်းလင်း

ရှေးဦးစွာ ကျေးရွာဥက္ကဋ္ဌ ဦးထန်းလွယ်က အမှာစကားပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်လိုင်နယ်ကိမ်းက အမျိုးသားညီလာခံက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ထပ်ဆင့်ရှင်းလင်းသည်။

ထို့နောက် ဓာတ်ပုံကျွမ်းကျင်(၂) ဦးမန်းလျန်ဟမ်းက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး နည်းလမ်းများနှင့် စာဖတ်ရှိန် မြှင့်တင်ရေးတို့ကို ဆွေးနွေးသည်။ (ခရိုင် ပြန်/ဆက်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့ (၁၄)၊(၁၅) ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၄ရက်က မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၄)၊(၁၅) အဖွဲ့ခေါင်းဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ အမှာစကားပြောကြားစဉ်။ (က-ပ)

သာကေတမြို့နယ် ရတနာအိမ်ရာ နီလာလမ်းသွယ်(၁)အမှတ် ၃၉နေ ရဲမှူးချုပ်တင်ဝင်း(ငြိမ်း)-ဒေါ်နီနီမိသားစုတို့က ဒေါ်နီနီ၏ (၆၄)နှစ်မြောက်မွေးနေ့ အလှူအဖြစ် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ(ကိုယ်စား) အုပ်ချုပ်ရေးမှူးဦးပြုံး လက်ခံယူစဉ်။ (က-ပ)

ဖူးမြော် ကြည်ညို

ဧပြီ ၆ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီးဒေါ်မြမြစန်း တို့ ဗုဒ္ဓဂယာ မဟာဗောဓိ စေတီတော်ပရဝဏ်အတွင်းရှိ ဗောဓိပင်နှင့် ပလ္လင်တော်ကို ဖူးမြော်ကြည်ညိုကြစဉ်။

(သတင်း စာ-၇)

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယအာကာသသုတေသနဌာန၏ ဂြိုဟ်တုဆက်သွယ်ရေးလုပ်ငန်းများ ကြည့်ရှုလေ့လာ

နေပြည်တော် ဧပြီ ၈

အိန္ဒိယသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဧပြီ ၅ ရက် နံနက် ၉ နာရီတွင် ဘန်ဂလောမြို့ရှိ အိန္ဒိယအာကာသသုတေသနဌာန (Indian Space Research Organization-ISRO) အောက်ရှိ လုပ်ငန်းဌာနတစ်ခုဖြစ်သော အိန္ဒိယဂြိုဟ်တုများထိန်းချုပ်ရေးဌာန (ISTRAC) သို့ရောက်ရှိကြရာ ဒါရိုက်တာ Shiva Kumar နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များအား ဒါရိုက်တာရုံးခန်းမ၌ ဒါရိုက်တာ Shiva Kumar က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အာကာသအတွင်းသို့ ဒုံးပျံများဖြင့် လွှတ်တင်ထားသော အိန္ဒိယဂြိုဟ်တုများကို လမ်းကြောင်းထိန်းသိမ်းခြင်းနှင့်သုတေသနပြုခြင်းများ၊ အခြားမိတ်ဖက်နိုင်ငံများနှင့် အဖွဲ့အစည်းများက ငှားရမ်းအသုံးပြုလိုသော ဂြိုဟ်တုအမျိုးအစားအလိုက် လွှင့်တင်ထားမှုစသည့် လုပ်ငန်းဆိုင်ရာများကို ရုပ်ပုံများဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ ဒါရိုက်တာ Shiva Kumar က ပြန်လည်ပြောကြားသည်။

ပြန်လည်ဆွေးနွေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် Space Control Center အတွင်း *စာမျက်နှာ ၁၀ ကော်လံ ၅* ☼

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့ဝင်များ ဘန်ဂလောမြို့ရှိ အိန္ဒိယအာကာသသုတေသန၏ ဂြိုဟ်တုဆက်သွယ်ရေး လုပ်ငန်းများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

ရန်ကုန် ဧပြီ ၈

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ် သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို အလှည့်ကျထုတ်ဝေသွားမည်ဖြစ်သည်။

ဧပြီ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ နားမည်ဖြစ်သည်။

ဧပြီ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာ နားမည်ဖြစ်သည်။

ဧပြီ ၂၁ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားပါမည်။

(သတင်းစဉ်)

မြန်မာ့အလင်း သတင်းဆောင်းပါးအညွှန်း

နိုင်ငံတော်တွင် အဓိကလျှပ်စစ်ဓာတ်အား ထုတ်လုပ်နေသည့် ရေအားလျှပ်စစ်စက်ရုံများသည် တောတောင်နှင့် မြစ်ချောင်းများအတွင်း၌ ဖြစ်၍ ပြည်သူများနေထိုင်သည့် မြို့ရွာများအရောက် ဓာတ်အားပို့ဆောင်နိုင်ရန်အတွက် တောတောင်အထပ်ထပ်ကို ကျော်ဖြတ်ပြီး မဟာဓာတ်အားလိုင်းကြီးများနှင့် ဓာတ်အားတိုင်များ၊ ဓာတ်အားခွဲစက်ရုံ တည်ဆောက်သွယ်တန်းကြရ။

ခရမ်းစိုးမြင့်၏ သတင်းဆောင်းပါး စာ - ၈ ၊ ၉

9-4 (20).pmd 1 4/9/2008, 2:52 AM